# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၀၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ခရီးသွားကဏ္ဍနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် ချောင်းဝတံတားတည်ဆောက်မှု ၈၃ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် ဧပြီ ၂၇

ခရီးသွားကဏ္ဍနှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ငရုတ်ကောင်းမြို့မှ ဂေါ်ရင်ဂျီကျွန်း၊ ကြွေချိုင်သို့ ဆက်သွယ်တည်ဆောက်နေသော ချောင်းဝတံတားတည်ဆောက်မှု ၈၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)မှ သိရသည်။



အဆိုပါချောင်းဝတံတားကို ၂၀၂၀ ပြည့်နှစ် မတ် ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည်မှာ ပေ ၁၂၈၀ ရှိ၍ တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ် Bored Pile၊ တံတားကိုယ်ထည် RC Concreteနှင့် တံတားအပေါ်ထည် P.C Girder,RC Girder & RC Slab အမျိုးအစားဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၇၈ ဒသမ ၇၄၄ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ ဖြင့် တည်ဆောက်လျက်ရှိပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ *စာမျက်နှာ ၅ ကော်လံ ၄* ◆

## ယနေ့ *ဖတ်စရာ*


**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative-GSI) အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်**

ပြည်တွင်းသတင်း စာ ၃

**ဂုဏ်ယူစရာအခွင့်အလမ်းတစ်ခုမှာ အတူရှိစေချင်ပါသည်**

ဆောင်းပါး စာ ၁၀


## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒသမတန်း(Grade-10) လူရည်ချွန် ကျောင်းသား ကျောင်းသူများ တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၇

ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကို စံနမူနာထားကာ ကျောင်းသားလူငယ်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် အဋ္ဌမတန်း လူရည်ချွန် ၁၆၀၊ ဒသမတန်းလူရည်ချွန် ၁၆၀ ၊ ကောဒသမတန်း လူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို မွေးထုတ်နိုင်ခဲ့သည်။

အဆိုပါလူရည်ချွန်မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စုရပ်စခန်းမှ သက်ဆိုင်ရာ လူရည်ချွန်အပန်းဖြေစခန်းမှူးများ၊ ကြီးကြပ်ဆရာဆရာမများ လိုက်ပါလျက် ပုဂံ၊ တောင်ကြီး၊ ငွေဆောင် လူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးခရီးစဉ် စတင်ထွက်ခွာကြသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻




## အဂတိလိုက်စားမှု ကြိုတင်တားဆီးကာကွယ်

အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကဟန့်တားနှောင့်ယှက်နေသည့် ဘေးအန္တရာယ်တစ်ခုပင်ဖြစ်သည်။ ထို့အပြင် အဂတိလိုက်စားမှုသည် ကိုယ်ကျင့်သိက္ခာပျက်ပြားမှု၊ ပြစ်မှုကျူးလွန်မှုလည်းဖြစ်ပြီး အစိုးရနှင့် လူမှုအဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကို လျော့နည်းပျက်ပြားစေသည်။ တရားဥပဒေ စိုးမိုးမှုကိုလည်း ထိခိုက်စေနိုင်သည်။

ရောဂါကို မဖြစ်ပွားမီက ကြိုတင်ကာကွယ်ခြင်း၊ မီးကို မလောင်ခင်က ကြိုတင်တားဆီးခြင်းတို့သည် ရောဂါဖြစ်လာမှ ကုသခြင်း၊ မီးလောင်ကာမှ ငြှိမ်းသတ်ခြင်းထက် ပိုမို၍ ကောင်းမွန်သကဲ့သို့ပင် အဂတိလိုက်စားမှုများကိုလည်း ဖြစ်လာမှ စုံစမ်းစစ်ဆေးအရေးယူခြင်းထက် မဖြစ်ခင်က အသိပညာပေးခြင်း၊ ကြိုတင်တားဆီးကာကွယ်ခြင်းတို့က ပိုမို၍အရေးကြီးသည်။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့များကို ဖွဲ့စည်းကာ ပြည်သူများအား ဝန်ဆောင်မှုပေးနေပြီး ပြည်သူ့ထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များ၏ လုပ်ငန်းတာဝန်များမှာ ဌာနအလိုက်လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊ အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်စသည်တို့ ဖြစ်သည်။ အဂတိလိုက်စားမှုများကို လေ့လာပါက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ကာ ကိုယ်ကျိုးရှာဖွေခြင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းတို့၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတို့ကို ဖောက်ဖျက်ခြင်းတို့ကြောင့် နိုင်ငံတော်၏ငွေကြေးပစ္စည်းနှင့် ပိုင်ဆိုင်မှုတို့ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေခြင်း စသည်တို့ကို တွေ့ရှိနိုင်သည်။

အဂတိလိုက်စားမှုအမြင့်ဆုံးဖြစ်သည့် ဝန်ကြီးဌာနသို့မဟုတ် အဂတိလိုက်စားမှုဖြင့် အများဆုံးတိုင်ကြားခံရသည့် ဝန်ကြီးဌာနများသည် ပြည်သူလူထုနှင့် မပြတ်ထိတွေ့နေရသည့်ဌာနများဖြစ်ပြီး ဝန်ထမ်းအချို့၏ ပြည်သူ့ဝန်ဆောင်မှုအားနည်းခြင်း၊ တာဝန်မကျေပွန်ခြင်း၊ လုပ်ငန်းမကျွမ်းကျင်ခြင်း၊ လုပ်ထုံးလုပ်နည်း မှားယွင်းခြင်း စသည့်အကြောင်းများကြောင့်လည်း ပြည်သူလူထု၏ အလိုမကျမှုနှင့် အမြင်မကြည်လင်မှုတို့ကို ဖြစ်ပေါ်စေနိုင်ရာ အများပြည်သူနှင့် စဉ်ဆက်မပြတ်ထိတွေ့နေရသော ဌာနများအနေဖြင့် အဂတိလိုက်စား မှုကင်းရှင်းရန်သာမက ဝန်ဆောင်မှုကောင်းမွန်ရန်၊ တာဝန်ကျေပွန်ရန်နှင့် လုပ်ငန်းကျွမ်းကျင်ကြရန်လည်း လိုအပ်သည်။

ဌာနများအလိုက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များ ဖွဲ့စည်းဆောင်ရွက်ခြင်းကြောင့် ဌာန၏ ဝန်ဆောင်မှုများကို ရယူကြသည့် ပြည်သူလူထုအနေဖြင့် အဂတိ လိုက်စားမှုတစ်စုံတစ်ရာရှိခဲ့ပါက သတင်းပို့တိုင်ကြားနိုင်မည်ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားမှုနှင့် ဌာန၏ ဝန်ဆောင်မှုကောင်းမွန်ရန်အတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။ CPU အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုအားကောင်းလာသည်နှင့်အမျှ အဂတိလိုက်စားမှု လျော့နည်းပပျောက်လာနိုင်မည်ဖြစ်ပြီး အစိုးရဝန်ကြီးဌာနများ လူမှုအဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုတို့ မြင့်မားလာမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် မေ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး မြစ်ကြီးနားမှ ညွှန်ကြားရေးမှူး ဦးဇော်လှိုင်ဝင်း နှင့် ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ခေမာသီဝံ ပရိယတ္တိ စာသင်တိုက်မှ ကျောင်းထိုင်ဆရာတော် ဣန္ဒောဘာသ ထံသို့ ဆွန်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့လည်း ဆွမ်း၊ ကွမ်း၊ ခက်ခဲမှုမရှိစေရေး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်၌ GIS နည်းပညာအသုံးပြု၍ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများဖွဲ့စည်းခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် မေ ၂၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတစ်ခုဖြစ်သည့် GIS နည်းပညာကို အသုံးပြုပြီး သန်းခေါင်စာရင်းယူနစ်များ (Census Units) နှင့် စာရင်းကောက်ကွက် မြေပုံများဖွဲ့စည်းခြင်းလုပ်ငန်းကို ဇေယျာသီရိမြို့နယ်၌ ဆောင်ရွက်နေမှုအား နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင် ယနေ့ နံနက်ပိုင်းက လာရောက်ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)



ဇေယျာသီရိမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များ ဖြစ်ကြသည့် အောင်ဇေယျ၊ ပြည်စံအောင်နှင့် ပုပ္ပါးကုန်းရပ်ကွက်များအား ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဇေယျာသီရိမြို့နယ်ရုံး၌ အခြေပြု၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လင်းလင်းမာက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇေယျာသီရိမြို့နယ် ဦးစီးမှူးနှင့် တိုက်နယ်မှူးများ၊ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ကောင်စီ အဖွဲ့ဝင် ဦးကျော်သိန်းဆိုင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ( Notice to Mariners) အား ထုတ်ပြန်ကြေညာ

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ် A–6 တွင် Pyitharyar Integrated Project အရ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် "SS BARAKUDA" (Call Sign: PNTI) ဖြင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်မှ ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါနေ့ရက်တွင် လုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများအား ၂၀၂၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–

| Point | Latitude | Longitude |
|---|---|---|
| A | 16˚54' 36.59" N | 93˚ 52' 00.99" E |
| B | 16˚ 58' 54.54" N | 93˚ 58' 20.28" E |
| C | 16˚ 42' 33.80" N | 94˚ 08' 22.23" E |
| D | 15˚ 28' 11.46" N | 94˚ 01' 22.72" E |
| E | 15˚ 06' 50.02" N | 94˚ 53' 12.10" E |
| F | 14˚ 58' 38.22" N | 94˚ 46' 56.59" E |
| G | 15˚ 23' 03.51" N | 93˚ 51' 47.63" E |
| H | 16˚ 41' 49.82" N | 94˚ 01' 03.87" E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A–6 တွင် Pyitharyar Integrated Project အရ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် "SS BARAKUDA" (Call Sign: PNTI) ဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ (၄) ကီလိုမီတာပတ်လည်အတွင်း ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာလိုက်သည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၇**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ပြည်မြို့၊ တောင်ငူမြို့၊ ရွှေကျင်မြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၀ ဒသမ ၉၈ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ လောင်းလုံးမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် မိုင်းဆတ်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၃၂ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (Global Security Initiative-GSI) အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်

၂၀၂၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် က ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(Global Security Initiative-GSI) ကို အဆိုပြုခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် မကြာသေးမီက ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (GSI) သဘောတရားစာတမ်း (Concept Paper) ထုတ်ပြန်ခဲ့မှုကို နိုင်ငံခြားရေးဝန်ကြီးဌာနက ကောင်းစွာမှတ်သားမိသည်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(GSI)ကို အကောင်အထည်ဖော်ခဲ့သည့် တစ်နှစ်တာကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကမ္ဘာ့လုံခြုံရေးနှင့် ပတ်သက်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှုများအတွက် မြန်မာနိုင်ငံက ချီးကျူးဂုဏ်ပြုသည်။

ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(GSI)သည် (၁) အားလုံးအတွက် ပြည့်စုံကျယ်ပြန့်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသော ရေရှည်တည်တံ့သည့် လုံခြုံရေးဆိုင်ရာ မျှော်မှန်းခြင်း၊ (၂) နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားခြင်း၊ (၃) ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူများကို လိုက်နာခြင်း၊ (၄) နိုင်ငံအားလုံး၏ ကျိုးကြောင်းဆီလျော်မှုရှိသော လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အလေးအနက်ထားခြင်း၊ (၅) နိုင်ငံများအကြား မတူကွဲပြားမှုများနှင့် အငြင်းပွားမှုများကို ဆွေးနွေး၊ ညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာဖြေရှင်းခြင်းနှင့် (၆) သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နယ်ပယ်နှစ်ရပ်လုံးတွင် လုံခြုံရေးထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များကို ခိုင်မာစွာ ဆက်လက်ဆောင်ရွက်သွားရန် စသည့်ကတိကဝတ် (၆)ရပ်ပေါ်တွင် အခြေခံသည်ကို တွေ့ရှိရသည်။

ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(GSI)သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် ချမှတ်ထားသည့် အမြော်အမြင်ကြီးမားသည့် အစီအမံတစ်ရပ်ဖြစ်ပြီး ယင်းအစီအမံပါ ကတိကဝတ်များသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့သော အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရေးနှင့် ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်မစွက်ဖက်ရေးတို့အပါအဝင်ဖြစ်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့် လိုက်လျောညီထွေရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (GSI)ကို ထောက်ခံကြိုဆိုသည်။

မျက်မှောက်ကာလတွင် အလွန်ကြီးမားသည့် အပြောင်းအလဲများနှင့် တွေ့ကြုံရင်ဆိုင်နေရချိန်၌ ကမ္ဘာ့နိုင်ငံများအနေဖြင့် တရားမျှတမှုရှိပြီး သာတူညီမျှရှိသည့် နိုင်ငံတကာ အခင်းအကျင်းဖြစ်စေရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူများကို လေးစားလိုက်နာလျက် ပိုမိုအေးချမ်းလုံခြုံပြီး သာယာဝပြောသည့် ကမ္ဘာနှင့် လူသားအားလုံးအတွက် အေးအတူပူအမျှ အသိုက်အဝန်းဖော်ဆောင်နိုင်ရေးတို့အပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရန်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး သာတူညီမျှရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝ အေးချမ်းသာယာဝပြောစေရန်တို့အတွက် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဖော်ဆောင်သွားရန် ဆန္ဒရှိကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂၇

**ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနကြီးမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူ ၂၀၅ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

**အမြဲကြိုးစားအားထုတ်နေရန်လိုအပ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ သင်ကြားလေ့ကျင့်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကို တည်ထောင်ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၁၃၁ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၃၈၁ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာ အတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်း ဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်း ဘွဲ့ရပညာတတ် တိုင်းရင်းသားလူငယ် ၁၄၀၅၈ ဦးတို့ကို တက္ကသိုလ်က မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပညာရည်မြင့်မားသည့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည့်အတွက် မိမိတို့ လေ့ကျင့်သင်ကြားပေးရမည့် ကျောင်းသား လူငယ်များကိုလည်း ပညာရည်မြင့်မားပြီး နိုင်ငံတော်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလုပ်အကျွေးပြုကြမည့်သူများဖြစ်အောင် အလေးထားပြုစုပျိုးထောင်ပေးကြရန်ဖြစ်ကြောင်း၊ တပည့်များကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူပညာရှာမှီးနေရန်၊ အမြဲကြိုးစားအားထုတ်နေရန် လိုအပ်ကြောင်း၊ တပည့်များ၏အကျိုးကို အစဉ်ရှေးရှုပြီး ကောင်းမွန်ရာကို လမ်းညွှန်သွန်သင်ပြသပေးနိုင်သည့် ဆရာကောင်းများကသာ အနာဂတ်ကာလများ၌ နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် အရည်အသွေး အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

**အစွမ်းကုန်ကြိုးစားဆောင်ရွက်**

သင်တန်းဆင်း မောင်မယ်တို့အနေဖြင့် ဆရာဆရာမများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးကြမည့် ခေါင်းဆောင်ငယ်များအဖြစ်လည်းကောင်း၊ စိတ်ဓာတ်ကောင်းသော၊ စည်းကမ်းကောင်းသော၊ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်လိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်လည်းကောင်း ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်မှာကြားလိုကြောင်း၊ အထူးအလေးထား မှာကြားလိုသည်မှာ ဒို့တာဝန် အရေး ၃ ပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားအားလုံး၏ စိတ်ထဲတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရ ကိန်းအောင်းရှင်သန်နေစေရေး စည်းရုံးဆောင်ရွက်ပေးကြရန်၊ မိမိတို့၏ တပည့်ကျောင်းသားလူငယ်များကိုလည်း နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ကြရန်၊ ပါတီနိုင်ငံရေးကင်းစင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ပညာရေးကဏ္ဍ တိုးတက်မြင့်မားရန်အတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

**အလုပ်ခန့်အပ်လွှာများ ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ စာပေဘာသာ ထူးချွန်ဆု(သိပ္ပံတွဲ)၊ စာပေဘာသာထူးချွန်ဆု (ဝိဇ္ဇာတွဲ)ဆုရ ကျောင်းသားကျောင်းသူများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စာပေဘာသာထူးချွန်ဆု (ဝိပ္ပံတွဲ)၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆုရ ကျောင်းသားများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က တိုင်းရင်းသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှု ထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရ ကျောင်းသားတို့ကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၀၅ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင် ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကား ပြောကြားပြီး သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကျောင်းသားကျောင်းသူများနှင့် မိဘများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ အုပ်ချုပ်ရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်၍ ကျောင်းဝင်းအတွင်း ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေ၊ အသားစားကြက်ခြံ၊ ဥစားကြက်ခြံ၊ ငါးမွေးမြူရေးကန်များနှင့် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ အပိုင်း ငါးပိုင်းခွဲပြီး နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပမည်

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခင်နှစ်များက ကဆုန်လပြည့် ဗုဒ္ဓနေ့ရောက်တိုင်း မဟာဗောဓိပင်တော်များကို ညောင်ရေသွန်းလောင်းသည့် အစီအစဉ်တစ်ခုကိုသာ အစဉ်အလာအနေဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း ယခုနှစ်တွင် သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကျင်းပခြင်း၊ ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်းနှင့် ဓမ္မသဘင် ဆင်ယင်ကျင်းပခြင်းဟူ၍ အပိုင်း ငါးပိုင်းခွဲပြီး နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ဆပ်ကော်မတီများအနေဖြင့် ဆပ်ကော်မတီအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း အလေးထားလိုက်နာရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး ဆပ်ကော်မတီများက ကော်မတီအလိုက် ဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် အခြားအကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဗုဒ္ဓနေ့အခမ်းအနားအဖြစ် ပထမဆုံးစတင်ကျင်းပပြုလုပ်ခြင်းဖြစ်သဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကုသိုလ်ယူဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း၊ နောင်နှစ်များတွင်လည်း ယခုထက်ကောင်းမွန်သည့် ဗုဒ္ဓနေ့အခမ်းအနားများ ကျင်းပနိုင်ရေး အားလုံးကြိုးစားလုပ်ဆောင်ပေးကြပါရန်နှင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများကို ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဓာတ်သတ္တုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအမှူးများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# (၅၁) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၃ သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မေ ၂၇**

(၅၁) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့ အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်း ဖိုရမ်-၂၀၂၃ တို့ကို မေ ၂၅ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ပရီဆီဟာနုပြည်နယ်ရှိ Independence Hotel ၌ လက်ခံကျင်းပရာ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင်များ၊ ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များ၊ အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မေ ၂၅ ရက်တွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးများကို ကျင်းပရာ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းတိုးတက်မှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး မဲခေါင်ခရီးသွားလုပ်ငန်းဆိုင်ရာ ဝက်ဘ်ဆိုက် ပြန်လည်ထူထောင်ထားရှိမှု၊ လူမှုကွန်ရက်များမှတစ်ဆင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးမှ ဆောင်ရွက်နေမှုအခြေအနေ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး တည်ထောင်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးရေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးကို တရားဝင်ရပ်တည်မှုအဆင့်အတန်းရရှိရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ ပူးပေါင်း ဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏သဘောထားအမြင်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။




မေ ၂၆ ရက်တွင် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် - ၂၀၂၃ ကို "Rethinking for Resilience and Digitalization" ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာနိုင်ငံတကာနှင့် မဲခေါင်ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်စီးပွားရေး လုပ်ငန်းရှင်များမှ မဲခေါင်ဒေသအတွင်း ခရီးသွားလုပ်ငန်းများ ခိုင်မာအားကောင်းရေးနှင့် ခရီးသွားလုပ်ငန်းတွင် ကဏ္ဍစုံပူးပေါင်းပါဝင်မှု မြှင့်တင်ရေး၊ အဖွဲ့ဝင်နိုင်ငံအလိုက် အစားအစာအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခရီးသွားဧည့်သည်များ၏ ကြိုက်နှစ်သက်မှုများကို အခြေခံ၍ အဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်းရိုးရာ အစားအသောက်များကို သန့်ရှင်းသပ်ရပ်စွာဖြင့် ဖန်တီးမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ခရီးစဉ်ဒေသများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပိုမိုအဆင့်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍတိုးမြှင့်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျ လေ့ကျင့်မွေးထုတ်ရေးအတွက် မဲခေါင်ခရီးသွားလုပ်ငန်း အာဏာပိုင်များ ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မဲခေါင် ခရီးသွားလုပ်ငန်း ဖိုရမ် -၂၀၂၃ နှင့်ဆက်စပ်၍ ဒေသတွင်းခရီးသွားလုပ်ငန်းဆွဲဆောင်မှုများနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများကို ခင်းကျင်းပြသသည့် အစီအစဉ်တွင် မြန်မာနိုင်ငံမှ ပြခန်းနှစ်ခု ပါဝင်ပြသ၍ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ ရိုးရာယဉ်ကျေးမှုများနှင့် အစားအသောက်များကို ခင်းကျင်းပြသပြီး အဆိုပါဖိုရမ်နှင့် ခရီးသွားပြပွဲသို့ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကကိုယ်စားလှယ် ၂၅၀ ခန့် တက်ရောက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် (၅၂) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့ အစည်းအဝေးတို့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၃)ခုနှစ် အခမ်းအနားကျင်းပ

## အသက် ငါးနှစ်အောက်ကလေးများကို သတ်မှတ်ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးရန် စီစဉ်လျက်ရှိ



**နေပြည်တော် မေ ၂၇**

"ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်" (World Immunization Week) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံအုပ်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့်ရောဂါနှိမ်နင်းရေးတပ် တပ်မှူး၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေသော တာဝန်ခံဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဟန့်တားကာကွယ်ပေးနိုင်ခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "The Big Catch–Up" "အမီလိုက် ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်အဟုန်မြှင့်တင်ရန်" ဖြစ်သည့်အတွက် ကိုဗစ်–၁၉ ကာလအတွင်း ကာကွယ်ဆေးများ လုံးဝမထိုးနှံခဲ့ရသော ကလေးများနှင့် အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးအကြိမ်ပြည့်မရရှိခဲ့သော ကလေးများ အားလုံးကို အသက်အရွယ်အလိုက် အမီလိုက် ကာကွယ်ဆေးထိုးနှံခြင်းကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ဝက်သက်ကာကွယ်ဆေး တစ်မျိုးတည်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း သေဆုံးမှုပေါင်း ၂၃ သန်းခန့်ကို ဟန့်တားကာကွယ်ပေးနိုင်ခဲ့ကြောင်း၊ ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော ရောဂါပေါင်း ၂၀ ကျော်ကို ပုံမှန်ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးပေးခြင်းဖြင့် ကာကွယ်ဟန့်တားနိုင်ခဲ့ကြောင်း။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ပြည်သူသန်းပေါင်း ၂၄ သန်းခန့်ကို ဆင်းရဲမွဲတေမှုမှ ကာကွယ်ပေးနိုင်ခဲ့ကြောင်း၊ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော ကမ္ဘာ့နိုင်ငံများတွင် ဝက်သက်ကာကွယ်ဆေးအတွက် အမေရိကန်တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံလျှင် ကျန်းမာရေးကုန်ကျစရိတ်သက်သာမှု (Return of Investment) အဖြစ် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၅ ခန့် ပြန်လည်ရရှိသည်ကိုသိရှိရကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကင်းဝေးကြောင်းကို ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ ပိုလီယိုရောဂါကင်းဝေးကြောင်းကို ၂၀၁၄ ခုနှစ်တွင် လည်းကောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အသိအမှတ်ပြုပြီးဖြစ်ကြောင်း၊ ရရှိထားပြီးသည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ပုံမှန်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကို မြင့်မားစွာရရှိစေရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ် မေ ၂၄ ရက်မှ မေ ၃၀ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် မြို့နယ်များတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် အမီလိုက်ကာကွယ်ဆေး ထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်း လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် အသက် ငါးနှစ်အောက်ကလေးများကို သတ်မှတ်ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးရန် စီစဉ်လျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ယခုထက်ပိုမိုတိုးတက်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကာကွယ်ဆေးများကို သတ်မှတ်ချက်အတိုင်း အသက်အရွယ်အလိုက် အကြိမ်ပြည့် ထိုးနှံ/တိုက်ကျွေးထားခြင်းအားဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကို ကာကွယ်နိုင်ကြောင်း သိရှိ၍ အဆိုပါရောဂါများ ကပ်အသွင် ဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြင့်မားစွာ ဆောင်ရွက်နိုင်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် သုံးခုနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ကို အထူးကြိုးပမ်း ဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် သုံးခုကိုလည်းကောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်မှု စွမ်းဆောင်ရည်ကောင်းမွန်သော တိုင်းဒေသကြီး၊ ပြည်နယ် သုံးခုကိုလည်းကောင်း ဆုများချီးမြှင့်ရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ပေးနေမှု မှတ်တမ်းပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြပြီး **(အပေါ်ပုံ)** နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိခဲ့သော သုံးနှစ်အောက်ကလေးငယ်များအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးပေးမှုကို ကြည့်ရှု၍ ကလေးငယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *ရွှေဖုံးမှ*

၂၀၂၂–၂၀၂၃ ပညာသင်နှစ် ဒသမတန်း(Grade–10) လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် တောင်ကြီး လူရည်ချွန် အပန်းဖြေစခန်းမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် ဦးဆောင်၍ စတင်ထွက်ခွာကြပြီး နံနက် ၁၀ နာရီတွင် ကလောမြို့သို့ ရောက်ရှိကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက် အလံငယ်များ ဝှေ့ယမ်းနှုတ်ဆက်၍လည်းကောင်း၊ ဘင်ခရာ၊ ပန်းဖွားအကများနှင့် ရှမ်းအိုးစည် ဗုံမောင်း တီးမှုတ်၍လည်းကောင်း ကြိုဆိုကြသည်။ ထို့နောက် လူရည်ချွန် မောင်မယ်များသည် ကလောမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး နေ့လယ်စာသုံးဆောင်ကြသည်။

ယင်းနောက် တောင်ကြီး လူရည်ချွန် အပန်းဖြေစခန်းသို့ ဆက်လက်ထွက်ခွာကြပြီး ပြည်ထောင်စုလမ်းမဘေးရှိ အောင်ပန်းဗျူးပွိုင့်တွင် ခေတ္တရပ်နား၍ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆက်လက်ထွက်ခွာပြီး မွန်းလွဲ ၂ နာရီတွင် လူရည်ချွန် စခန်းဖွင့်လှစ်ထားသည့်တောင်ကြီးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



◆ *ရွှေဖုံးမှ*

"ကျွန်တော်တို့ တည်ဆောက်နေတဲ့ ငရုတ်ကောင်း – ဂေါ်ရင်ဂျီ ကျွန်းလမ်းပိုင်းဟာ ချောင်းဝမြစ်ကိုဖြတ်ပြီး တည်ဆောက်နေတာဖြစ်ပါတယ်။ တံတားကြီး ပြီးသွားရင် ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်လမ်းများစွာ ပိုမိုရရှိလာမှာပါ။ ဂေါ်ရင်ဂျီကျွန်းကို အလွယ်တကူ သွားလာနိုင်ပြီဖြစ်တဲ့အတွက် အပန်းဖြေခရီးသွားကဏ္ဍာ ဖွံ့ဖြိုးလာမှာဖြစ်ပြီး မြို့နယ်အတွင်းမှာရှိတဲ့ ကြွေချိုင်၊ နံသာဖူး၊ နတ်မှော်၊ ရေကျော်၊ သဲဖြူ၊ ကမ်းခြေဦး၊ ကွင်းဘက်၊ မိုးတစ်မျှဉ်နဲ့ စပါးကြီး စတဲ့ကျေးရွာများမှာနေထိုင်ကြတဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေဟာ ပြောင်းလဲတိုးတက်လာမှာပါ။ ကျန်းမာရေးအတွက်ဆိုရင်လည်း ငရုတ်ကောင်း တိုက်နယ်ဆေးရုံကို အချိန်အခါမရွေး လွယ်ကူမြန်ဆန်စွာ သွားရောက်ပြသနိုင်မှာဖြစ်ပါတယ်။ အခု တံတားတည်ဆောက်မှု ၈၃ ရာခိုင်နှုန်း ပြီးစီးနေပါပြီ"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၏ တံတားအထူးအဖွဲ့(၁၆)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် ချောင်းဝတံတားကြီး ပြီးစီးသွားပါက ငရုတ်ကောင်း–ဆင်မ – ငွေဆောင် လမ်းပိုင်းကို အသုံးပြု၍ ပုသိမ်မြို့သို့လည်းကောင်း၊ ငရုတ်ကောင်း – ဆင်မ–ငွေဆောင်–ချောင်းသာ–ရွှေသောင်ယံ–မကျီးပင်–ကျောက်ချွန်–ဂွမြို့ ကမ်းခြေပတ်လမ်းကို အသုံးပြု၍ ရခိုင်ပြည်နယ်သို့ လည်းကောင်း လွယ်ကူမြန်ဆန်စွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ရာ ဒေသထွက် ကုန်ပစ္စည်းများကို လွယ်ကူစွာ ဖြန့်ဖြူးပို့ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

---

### မြစ်ကြီးနားမြို့နယ် ဆွတ်ရှနန် သဘာဝမြေသြဇာထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ သဘာဝမြေသြဇာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**မြစ်ကြီးနား မေ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အကျဲကျေးရွာရှိ ဆွတ်ရှနန်သဘာဝမြေသြဇာထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ကြက်ချေး၊ နွားချေး၊ နုန်းမြေ၊ စပါးခွံမီးသွေး၊ မုန်ညင်းကြိတ်ဖတ်၊ တင်လဲရည်၊ CEM တို့ဖြင့် အာဟာရပါဝင်မှု အချိုးညီစွာဖော်စပ်၍ သဘာဝမြေသြဇာများအား ထုတ်လုပ်လျက်ရှိသည်။

ထိုသို့ထုတ်လုပ်ရာတွင် တစ်တန်လျှင် သဘာဝမြေသြဇာ ၁၆ အိတ်နှင့် ၁၇ အိတ်ကြား၊ တစ်ရက်လျှင်သုံးတန်ထုတ်လုပ်နိုင်ပြီး သဘာဝမြေသြဇာအိတ် ၅၀ မှ ၆၀ ကြားထွက်ရှိသည်။ စက်ရုံအနေဖြင့် တစ်လလျှင် တန်ချိန် ၅၀ မှ ၇၀ ကြားထွက်ရှိပြီး အိတ်ရေ ၉၀၀ မှ ၁၀၀၀ ကြား ထုတ်လုပ်နိုင်ကြောင်းနှင့် ၂၅ ကီလိုဂရမ်အိတ်များ ပြုလုပ်၍ ပြည်နယ်အတွင်း၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော တောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားများဝင်ရောက်၊ ထွက်ခွာနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ
# မြန်မာ–လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရေးဝိုင်းဝန်းကူညီ

နေပြည်တော် ဧပြီ ၂၇

**နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားဧည့်သည်များ ဝင်ရောက်၊ ထွက်ခွာလည်ပတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။**




အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်တာဝန်ခံများ တက်ရောက်ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က Video Conferencing ဖြင့်တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက (၁၄) ကြိမ်မြောက် မြန်မာ – လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေး၌ မြန်မာ – လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် လာအိုနိုင်ငံသားများသာမက လာအိုနိုင်ငံသို့ လာရောက်လည်ပတ်သော တတိယနိုင်ငံသားများပါ ဝင်၊ ထွက်နိုင်ရေး အဆိုပြုလာသောကိစ္စကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအဆိုပြုချက်သည် နယ်စပ်ဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်သည့်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအနေဖြင့် ဝင်ရောက်လာမည့် ခရီးသွားများ လည်ပတ်သွားလာနိုင်သော နေရာများကို ရွေးချယ်အဆိုပြုပေးစေလိုကြောင်း။

ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများအတွင်း ဖြစ်နိုင်ခြေရှိသော လုပ်ထုံးလုပ်နည်းများကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း၊ ခွင့်ပြုချက်ရရှိပါက ဝန်ကြီးဌာနက Package Tour များ စီစဉ်ဆောင်ရွက်နိုင်ရေး ခရီးသွားအသင်းအဖွဲ့များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအဆိုပြုချက်ကို အမြန်ဆုံး အကောင်အထည်ဖော်လိုကြောင်း၊ မြန်မာ–လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရေးအတွက် အဆင်သင့်ဖြစ်နေစေရန် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က နှစ်နိုင်ငံ နယ်စပ်ဂိတ်များ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ နယ်စပ်ဂိတ်များမှ ခရီးသွားများ ဝင်၊ ထွက် သွားလာနေမှုအခြေအနေနှင့် ခရီးစဉ်များ တိုးချဲ့ခွင့်ပြုပေးထားမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေကြာသီးနှံမျိုးစေ့ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းသားများ
# နေကြာမျိုးသစ် ခြောက်မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ကွင်းအား ပူးပေါင်းပါဝင်အကဲဖြတ်

**နေပြည်တော် ဧပြီ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ နွေရာသီတွင် ရေသွင်းစိုက်ပျိုးခြင်းဖြင့် စပ်မျိုးနေကြာသီးနှံမျိုးသစ် ခြောက်မျိုး၏ အပင်ဖြစ်ထွန်းမှုကို လေ့လာခြင်း၊ သုတေသနစိုက်ကွင်းအား နေကြာသီးနှံမျိုးစေ့ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာစာတွေ့လက်တွေ့ သင်တန်းတက်ရောက်နေကြသော မျိုးသန့်ခြံတာဝန်ခံများ၊ ခြံဝန်ထမ်းသင်တန်းသားများနှင့်အတူ ပူးပေါင်းပါဝင်အကဲဖြတ် ကြည့်ရှုစစ်ဆေးကြသည်။



စစ်ဆေးစဉ် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိုးကြိုကာလတွင် နေကြာသီးနှံဖြစ်ထွန်းအောင်မြင်နိုင်မှုနှင့် မျိုးကွဲအလိုက် ထူးခြားသော လက္ခဏာများကို လေ့လာသုံးသပ်ရန် ဖြစ်ကြောင်း၊ အပင်စေ့ ကျင်းစေ့ပေါက်အောင် ရေခံစိုက်ပျိုးခြင်းနှင့် အစိုဓာတ်ဖမ်းစိုက်ခြင်းအပြင် အစိုဓာတ်မပါသော အခြောက်စိုက်ပြီး ရေပေးသွင်းနည်းများကို သုတေသနပြုရန်လိုကြောင်း၊ နေကြာသီးနှံမျိုးစေ့ထုတ် စိုက်ခင်းများကို ဒေသအလိုက် ဆောင်ရွက်ကြရမည်ဖြစ်၍ မြေအမျိုးအစားပေါ်မူတည်ပြီး မြေဩဇာထည့်သွင်းမှု အချိုးအဆ မှန်ကန်ရေးနှင့် စိုက်နည်းစနစ်များနှင့် မျိုးထိန်းနည်းများကို စနစ်တကျလေ့လာဖော်ထုတ် သွားကြရမည်ဖြစ်ကြောင်း၊ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် ဝတ်မှုန်ကူးယှက်မှုကောင်းအောင် ပျားအိမ်များ ချထားပေးခြင်းဖြင့် ပျားမွေးသူများအတွက်ပါ အကျိုးရလဒ်ရရှိနိုင်ပြီး စိုက်ပျိုးသူတောင်သူများကိုယ်တိုင် ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်လျှင် ဝင်ငွေနှစ်မျိုး ရရှိနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်း ဆောင်ရွက်ချက်တိုင်းတွင် မှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိပြီး လက်လှမ်းတမီ သုတေသနများပြုလုပ်ကြရန်လိုကြောင်း၊ နည်းပညာဖွံ့ဖြိုးရေးနှင့် ဖြန့်ဝေခြင်းလုပ်ငန်းများကို ဌာနအားလုံးနှင့်အတူ တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် သင်တန်းသားများသည် ပြည်တွင်းဖြစ် စပ်မျိုးနေကြာဆင်းရွှေကြာ(၁) စပ်မျိုးအား စံထားမျိုးအဖြစ် အသုံးပြု၍ စပ်မျိုးနေကြာသီးနှံ မျိုးသစ်ခြောက်မျိုး၏ အပင်ဖြစ်ထွန်းမှု၊ အပင်ညီညာမှု၊ အပွင့်အရွယ်အစားနှင့် အပွင့်ညီညာမှု၊ ရိုးတံတုတ်ခိုင်မှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိမှု၊ အပင်ဦးရေပြည့်မှုများကို ပူးပေါင်းပါဝင်အကဲဖြတ်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘဲကုန်းကျေးရွာအနီး နေရောင်ခြည်စွမ်းအင်သုံး စက်ရေတွင်း အမှတ်(၁)၏ နွေသီးနှံရေလိုအပ်ချက် ဖြည့်ဆည်းပေးနေမှု၊ နွေနှမ်းနှင့် နွေပဲတီစိမ်း စမ်းသပ်ကွက်များ၏ ဖြစ်ထွန်းမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ကာလအလိုက် ဖြစ်ပေါ်လာမည့် မြေဆီလွှာ အစိုဓာတ်နှင့် သီးနှံပင်များ၏ လိုအပ်ချက်နှင့်အညီ ရေရရှိနိုင်မှု ပမာဏကို သီးနှံတစ်မျိုးချင်းအလိုက် လေ့လာ၍ မှတ်တမ်းများ သုံးသပ်ချက်များ စနစ်တကျဆောင်ရွက်ထားရှိရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့၌ ၂၀၂၃ –၂၀၂၄ ခု လုပ်ငန်းရာသီနှစ်အတွက် (ပထမအကြိမ်)ဂရန်အင်းလေလံတင် ရောင်းချ



**မင်းလှ ဧပြီ ၂၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ၂၀၂၃– ၂၀၂၄ ခုနှစ် လုပ်ငန်းရာသီနှစ်အတွက် (ပထမအကြိမ်) ဂရန်အင်း လေလံတင်ရောင်းချခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အင်းလေလံပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးစိုးမင်းက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းက ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဖြိုးဝေလင်းက ဂရန်အင်းများ၏ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဂရန်အင်းလေလံတင် ရောင်းချခြင်းကို တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ပြီး မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ဂရန်အင်း ၁၇ အင်းကို(ပထမအကြိမ်) လေလံတင်ရောင်းချရာ ဈေးပြိုင်စနစ်ဖြင့် ၁၁ အင်းကို အင်းသားကြီးများထံ ရောင်းချနိုင်ခဲ့ကြောင်း၊ အင်းခွန်ငွေကျပ် ၄၀၁၆၀၀၀၀ အား နိုင်ငံတော်အခွန်ငွေအဖြစ် ရရှိခဲ့ကြောင်း သိရသည်။

ကျန်ရှိသော ဂရန်အင်းများကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင်(ဒုတိယအကြိမ်) အင်းလေလံတင် ရောင်းချခြင်းအဖြစ် မေ ၁၂ ရက်တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ လုပ်ငန်းနှစ်ခုကိုခွင့်ပြုပေးပြီး လုပ်ငန်းလေးခုမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၇၃၈ သန်း တိုးမြှင့်ခွင့်ပြု



**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၂) အစည်းအဝေးကို ယမန်နေ့က ရန်ကင်းမြို့နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ကော်မတီအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်သည်။

အစည်းအဝေးတွင်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုတို့ကို အတည်ပြုပေးခဲ့ပြီး လုပ်ငန်းများမှာ တန်ဖိုးမြှင့်ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းနှင့် ဂျပ်ဖာများ ထုတ်လုပ်၍ ၁၀၀ ရာခိုင်နှုန်း ပြည်တွင်းရောင်းချခြင်း လုပ်ငန်းတို့ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ မြန်မာကျပ်ငွေ သန်း ၂၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၁ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၆၃ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၇ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပြီး အဆိုပါ လုပ်ငန်းများအနက် လုပ်ငန်းလေးခုမှ စုစုပေါင်းမတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၃၈ သန်း တိုးမြှင့်ပေးခဲ့သည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တောင်ကလေးကျေးရွာကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းနှင့်လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**ပုသိမ် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပျဉ်းကတိုးကုန်း - တောင်ကလေး - ပိန္နဲကုန်းကျေးရွာတို့အား ဆက်သွယ်ထားသည့် အလျား တစ်မိုင်ခွဲ၊ အကျယ် ၁၀ ပေ၊ ထု ခြောက်လက်မရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်နှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တောင်ကလေး၊ ပိန္နဲကုန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။

ဦးစွာ ကွန်ကရစ်လမ်းနှင့် လျှပ်စစ်မီးဖွင့်ပွဲအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သယံဇာတရေးရာဝန်ကြီးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာမီးလင်းရေး လျှပ်စစ်မီးအား မီးခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ကလေးကျေးရွာ ဖြဟ္မာဝိဟာရကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ တင်ပြလျှောက်ထားခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြောင်းမြမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂ - ၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ပေသလပ်ကုန်း - ပြင်ရွာလမ်းကို တာဝန်ရှိသူများနှင့်အတူ ဖွင့်လှစ်ပေးပြီး (ဝဲပုံ) ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါလမ်းသည် ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၁၅၆၇ တို့အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ ပိုမိုပေါ်ထွန်းလာမှသာ ပညာရည်ဖွံ့ဖြိုးမှုသည်လည်း လိုက်ပါမြင့်မားတိုးတက်လာမည်

**ဘားအံ မေ ၂၇**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဘားအံပညာရေးဒီဂရီကောလိပ်၊ ပညာရေးဘွဲ့ B.Ed စာပေးစာယူ ပထမနှစ် (တတိယအသုတ်) (၃/၂၃) နှင့် (၁/၂၂)ဒုတိယနှစ်(ပထမအသုတ်) သင်တန်းသား သင်တန်းသူများ တွေ့ဆုံသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အခြေခံပညာဦးစီးဌာနရှိ ကျောင်းများတွင် အရည်အသွေးပြည့်ဝသည့် အထက်တန်းပြ ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရန် ပညာရေးဘွဲ့(B.Ed)မရှိသေးသည့် အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် တာဝန်ထမ်းဆောင်နေကြသော ဝိဇ္ဇာ၊ သိပ္ပံမဟာဘွဲ့ရ ဆရာ ဆရာမများကို သင်ပြနည်းဆိုင်ရာ ကျွမ်းကျင်မှုများရရှိသွားစေရန် ရည်ရွယ်၍ B.Ed(စာပေးစာယူ)သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်း တက်ရောက်နိုင်သူ ဆရာ ဆရာမဦးရေ တိုးတက်များပြားလာလေလေ ပြည်နယ်အတွင်း ပညာရေးဖွံ့ဖြိုးမှုတိုးတက်လာလေလေဖြစ်ပြီး အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ ပိုမိုပေါ်ထွန်းလာမှသာ လူသားအရင်းအမြစ်များ၏ ပညာရည်ဖွံ့ဖြိုးမှုသည်လည်း လိုက်ပါမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဘားအံပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်က ပညာရေးဘွဲ့ B.Ed စာပေးစာယူ ပထမနှစ် (တတိယအသုတ်) (၃/၂၃) သင်တန်းသား သင်တန်းသူ ၃၀၂ ဦး၊ ဒုတိယနှစ် (ပထမအသုတ်)(၁/၂၂) သင်တန်းသား သင်တန်းသူ ၂၅၃ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၅၅ ဦးအတွက် ငွေကျပ် ၅၅၅၀၀၀၀ ကို ဂုဏ်ပြုထောက်ပံ့ပေးအပ်ခဲ့ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**





## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပြည် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ မြို့မဈေးရုံများ ပြန်လည်အဆင့်မြှင့်တင်နေမှုနှင့် ခေတ္တရာယဉ်ကျေးမှုရုံ ပြန်လည်အဆင့်မြှင့်တင်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်းမြို့ မြို့မရပ်ကွက်အတွင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကြို့ပင်ကောက်မြို့ တိုးချဲ့ရေပေးဝေရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့အတွက် တိုးချဲ့ရေပေးဝေနိုင်ရေး ဆောင်ရွက်ပေးခဲ့မှုနှင့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးထက်က မြို့တိုးချဲ့ရေပေးရေးလုပ်ငန်းစဉ်အား ရှင်းလင်းတင်ပြခဲ့ရာ မြို့မိ/မြို့ဖ ဦးတင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် က ကြို့ပင်ကောက်မြို့ တိုးချဲ့ရေပေးရေး အဆောက်အအုံရှိရေဘားအား လက်လှည့်ဖွင့်လှစ်ပေးခဲ့ပြီး(**အပေါ်ပုံ**) ရပ်ကွက်အတွင်း ရေပေးဝေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအခြေအနေများအား ကြာနီကန်စာသင်တိုက် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသူရိယ ဦးဆောင်သော ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ ပင့်ဖိတ်ထားသည့် စာသင်တိုက် (၄၈) ခုမှ ဆရာတော်၊ သံဃာတော် စုစုပေါင်း အပါး (၆၀) တို့က ယနေ့ညနေပိုင်းတွင် လာရောက် လေ့လာဖူးမြော်ကြည်ညိုကြသည်။ (ယာပုံ)

**ရှင်းလင်းလျှောက်ထား**

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်ရွက်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေး စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခဲ့ရမှုနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ အဆင့်ဆင့် ပင့်ဆောင်ခဲ့ရမှု၊ ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့အား ထုဆစ်ပုံဖော်ခဲ့မှုနှင့် ပလ္လင်တော်အထက်သို့ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ကာ ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အဦများ ထည့်သွင်းတည်ဆောက်လျက်ရှိမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။



ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ ဆုထူးပန်ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဆုထူးပန် ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များအား မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၁ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆုထူးပန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



◆ *ကျောဖုံးမှ*

အိမ်ရှင်ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်သည့်ပွဲတွင် တစ်ဂိုး-ဂိုးမရှိ ရလဒ်များဖြင့် အနိုင်ရထားပြီး ရမှတ် သုံးမှတ်စီရရှိထားရာ ယခုပွဲအနိုင်ရသည့်အသင်းမှာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ ကာဂျစ္စတန်ကို တစ်ဂိုး-ဂိုးမရှိ ရလဒ်ဖြင့်သာ အနိုင်ရထားသဖြင့် သရေကျနေပါက ပယ်နယ်တီကန်၍ အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။

ပထမအဆင့် ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး မေ ၂၆ ရက် ပွဲစဉ်များ အပြီးထိ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရသည့် အသင်းနှစ်သင်းသာ ထွက်ပေါ်သေးသည်။ အုပ်စု (C) နှင့် (G) ပွဲစဉ်များ ကျင်းပပြီးစီးထားပြီး အုပ်စု (C) တွင် ဗီယက်နမ်အသင်း၊ အုပ်စု (G) တွင် ဖိလစ်ပိုင်အသင်းတို့ အုပ်စုပထမရရှိကာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ထားပြီးဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲတွင် အုပ်စု ရှစ်ခုမှ ပထမနေရာရ ရှစ်သင်းမှာ ဒုတိယအဆင့် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဒုတိယအဆင့် ခြေစစ်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

**ရဲရင့်လွင်**



# မုတ္တမမြို့ မြင်းတပ်ရပ်၌ တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းဘုရား (၁၆) ဌာနသမိုင်းဝင် မြသိန်းတန်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် သံဃာတော်အပါး ၁၈၀ တို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် မေ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ မြင်းတပ်ရပ်၌ တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းဘုရား (၁၆) ဌာနသမိုင်းဝင် မြသိန်းတန်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် သံဃာတော်အပါး ၁၈၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ပြုလုပ်ရာ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူ နန်းဦးကျောင်းတိုက် ဦးစီးပဓာန နာယက မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တဉာဏိက အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စေတီတော်အထွတ်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည် ပင့်ဆောင် ပူဇော်ကြသည်။ ထို့နောက် သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြိုင်ကြီးငူဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော် အပါး ၁၈၀ တို့ကို ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခိုလမ်မြို့နှင့် နမ့်စန်မြို့ရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဧပြီ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့နှင့် နမ့်စန်မြို့နယ်တို့ရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ်ရိပ်သာနှင့် နမ့်စန်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမတို့၌ သွားရောက်တွေ့ဆုံသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**လိုက်လံကြည့်ရှုအားပေး**

ထို့ပြင် နမ့်စန်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နယ်မြေခံ ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နမ့်စန်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# အလုပ်ရှင်သည် အလုပ်သမားခန့်အပ်ပြီးသည်နှင့် ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရမည်

**နေပြည်တော် ဧပြီ ၂၇**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ သိရီဟံသာခန်းမ၌ ကျင်းပသည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရေး အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများတွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၌ ပြဋ္ဌာန်းချက်နှင့်အညီ အလုပ်ရှင်သည် အလုပ်သမား ခန့်အပ်ပြီးသည်နှင့် ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်ပါ ၂၁ ချက်ကို သတ်မှတ်ချက်နှင့်အညီ ချုပ်ဆိုရန်လိုကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ထည့်သွင်းချုပ်ဆိုသော လုပ်ငန်းခွင် စည်းကမ်းများသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့် ညီညွတ်ရမည့်အပြင် အလုပ်သမား၏အကျိုးခံစားခွင့်များသည်လည်း တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ခံစားခွင့်များအောက် လျော့နည်းခြင်းမရှိရန် လိုကြောင်း။

အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက် သဘောတူညီမှုဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ လုပ်ငန်းခွင်စည်းကမ်းနှင့် အကျိုးခံစားခွင့်များကို တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို ပြင်ဆင်နိုင်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားချုပ်ဆိုပြီးသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်မိတ္တူကို သက်ဆိုင်ရာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေး ရုံးသို့ သတ်မှတ်ကာလအတွင်း အလုပ်ရှင်က ပေးပို့ပြီး အတည်ပြုချက် ရယူထား ရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အမျိုးအစား၊ အစမ်းခန့်ကာလ၊ အလုပ်အကိုင် တည်နေရာ၊ လုပ်ခလစာ၊ စာချုပ်သက်တမ်း၊ အလုပ်ချိန်၊ နားရက်၊ အလုပ်ပိတ်ရက်နှင့် ခွင့်ရက်၊ အချိန်ပိုလုပ်ကိုင်ခြင်း၊ အလုပ်သမားများ လိုက်နာရမည့် စည်းကမ်းချက်များ၊ စာချုပ်ရပ်စဲခြင်း၊ စာချုပ်စည်းကမ်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်း၊ အထွေထွေစသည့် အချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လုပ်သားများ အနေဖြင့် ကျွမ်းကျင်လုပ်သားအဆင့်သို့ အသိအမှတ်ပြုခံရရေး မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) က အသိအမှတ်ပြုထားသည့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ရရှိနိုင်ရေး ဝင်ရောက်အစစ်ဆေးခံရန် လိုကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုမှုကို ဆောင်ရွက်ရာတွင် ခန့်အပ်မည့် အလုပ်သမားများနှင့် စပ်လျဉ်း၍ စနစ်တကျ တွေ့ဆုံမေးမြန်းပြီး မိမိလုပ်ငန်းအတွက် အထောက်အကူ ပြုနိုင်မည့် လုပ်သားကောင်းများ ရရှိရေး အလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပဲခူးစက်မှုဇုန်ရှိ Bago Sport အားကစားပစ္စည်းစက်ရုံနှင့် Karisma အထည်ချုပ်စက်ရုံသို့ သွားရောက်ပြီး အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်တာဝန်ခံနှင့် စက်ရုံစည်းဝေးခန်းမတွင် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၇**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော် (ရေ) က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော် (လေ) က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်များရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော် (ရေ) က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၁၅ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော် (ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော် (လေ) က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်း အဆင့်) သင်တန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၄၀၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၄၀ နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ လေကြောင်း လူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်များရှိ သင်တန်းစခန်း ၁၇ ခု၌ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူအင်အား ၆၈၀ ဖြင့် သက်ဆိုင်ရာ နယ်မြေများအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဧပြီ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ဂုဏ်ယူစရာအခွင့်အလမ်းတစ်ခုမှာ အတူရှိစေချင်ပါသည်

ခေတ်အဆက်ဆက် ဆက်ခံကြသည့် သမိုင်းအမွေအနှစ်များစွာတွင် အနုပညာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မွန်မြတ်သော မြန်မာ့ရုပ်ရှင်သည်လည်း အစဉ်အလာကောင်းများစွာဖြင့် သမိုင်းမော်ကွန်းကောင်းများကို စိုက်ထူနိုင်ခဲ့သည်ချည်းဖြစ်သည်။ ခေတ်အဆက်ဆက် ပြည်သူချစ်သောအနုပညာရှင်များသည် မြန်မာ့ယဉ်ကျေးမှုကို ရသအစုံဖြင့် သရုပ်ဖော်ခဲ့ကြပြီး သရုပ်ပျက်ယဉ်ကျေးမှုကို တိုက်ဖျက်နိုင်စွမ်းရှိခဲ့သည်။ ဖြေဖျော်ရေးသာမက တိုင်းပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်၊ ဘာသာသာသနာစောင့်ရှောက်လိုစိတ်များကို ပေးစွမ်းနိုင်ခဲ့သည့်အပြင် ဘဝအတွက် ပညာပေးသင်ခန်းစာများကိုလည်း အတုယူဖွယ် ထုတ်ဖော်ပြသနိုင်ခဲ့ကြသည်။

မိုးကေနိုင်

### ရုပ်ရှင်ကိုချစ်မြတ်နိုးဆဲပြည်သူများ

မကြာမီကာလတွင် မြန်မာတို့၏ ရုပ်ရှင်နှင့် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း သမိုင်းစာမျက်နှာတစ်ခုကို ပြန်လည်ဖွင့်လှစ်ကြပါတော့မည်။ အနုပညာလောကကြီး ပြန်လည်ဖွံ့ဖြိုး တိုးတက်လာရေးအတွက် အရှိန်အဟုန်မြှင့်တင်ကြတော့မည်ဖြစ်သည်။ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂ ခုနှစ်များအတွက် သုံးနှစ်စာပေါင်း၍ မြန်မာ့ရုပ်ရှင်အကယ်ဒမီဆု ချီးမြှင့်ခြင်း အခမ်းအနားကြီးတစ်ခုကို ပြည်သူလူထုကြီးက စိတ်လှုပ်ရှားဖွယ် ပြန်လည်မြင်တွေ့ကြရပါတော့မည်။ အနုပညာတွင် ပရော်ဖက်ရှင်နယ် ပီသစွာစိတ်နှစ်ထားသော ထူးချွန်အနုပညာရှင်၊ အတတ်ပညာရှင်များကို အနှစ်သာရအပြည့်ဖြင့် ဤကဲ့သို့အခမ်းအနားမျိုး၊ ယခုလိုအခြေအနေမျိုး၌ ပြန်လည်ရှုစားခွင့်ရသည်မှာ ဝမ်းသာကြည်နူးစရာ အတိဖြစ်သည်။

၁၉၂၀ ပြည့်နှစ်က စတင်ပေါ်ထွန်းခဲ့သော မြန်မာ့ရုပ်ရှင်နှင့် ၁၉၅၂ ခုနှစ်မှ စတင်ပေးအပ်နိုင်ခဲ့သည့် အကယ်ဒမီထူးချွန်ဆုအခမ်းအနားများကား ကိုဗစ်ကပ်နှင့် မြန်မာ့သမိုင်း အချိုးအကွေ့တစ်ခုတွင် ပြည်သူရှေ့မှောက် ကာလအတန်ကြာ ပျောက်ကွယ်နေခဲ့ရပြီး စောင့်စားနေခဲ့ရသည်မှာလည်း ကြာပြီဖြစ်သည်။ အနုပညာရှင်များ၏ ဆန္ဒကို နားထောင်ပြီး တာဝန်ရှိသူများ၏ စိတ်စေတနာအပြည့်ဖြင့် ခင်းကျင်းထားသော ဤပွဲသို့ စိတ်တူကိုယ်တူ၊ ဝါသနာတူအနုပညာရှင်အားလုံး တက်တက်ကြွကြွ စိတ်ချမ်းမြေ့စွာဖြင့် မပျက်မကွက်ပါဝင်ဆင်နွှဲပေးကြပါရန် ပြည်သူများက ဖိတ်ခေါ်လျက်ရှိသည်။ အနုပညာချစ်မြတ်နိုးသော ပြည်သူအားလုံးက သူတို့ချစ်သောအကယ်ဒမီရှင်များကို အားပေးချီးမြှောက်လိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

### ကာလလိုအပ်ချက်နှင့်အညီ

ယခုလိုအခြေအနေမျိုးတွင် မြန်မာ့ရုပ်ရှင်သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသေးသည်ကို အားလုံးက သဘောပေါက်ကြသကဲ့သို့ ယနေ့မျိုးဆက်တို့ဘက်က ပြန်လည်မြှင့်တင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်လည်း ဖြစ်နေသည်။ အနာဂတ်အတွက် ကောင်းသောအမွေဟူသည် ချန်ထားရစမြဲဖြစ်သလို လက်ဆင့်ကမ်းပေးဆပ်ရစမြဲလည်းဖြစ်သည်။

**မကြာမီတွေ့မြင်ရမည့် အခမ်းအနားကိုလည်း အမျိုးသားရေးအမွေအနှစ်ကို လက်ဆင့်ကမ်းသည့် ပွဲတော်တစ်ခုအဖြစ် မှတ်ယူထားသည်။ ယခုလို အခြေအနေမျိုးဟု ဆိုခဲ့သည်ဖြစ်ရာ နိုင်ငံအနေဖြင့် တည်ငြိမ်မှု၊ ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ တရားမျှတမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ဟန်ချက်ညီညီ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်နေရသောအခြေအနေတစ်ရပ်ကို ညွှန်းလိုသည်။ အဖျက်နှင့် အပျက်သဘောတရားများနေရာတွင် အကောင်းမြင် အပြုသဘောများဖြင့် အစားထိုးနေရသောကာလမျိုးဖြစ်သည်။ အမုန်းတရားများကို ချစ်ခြင်းမေတ္တာဖြင့် ချေဖျက်နေရသည်။ နိုင်ငံသားတစ်ဦးချင်းတွင် ရှိအပ်သည့် နိုင်ငံသားကျင့်ဝတ်များဖြည့်ဆည်းရန် အထူးလိုအပ်နေသည်။**

ပြည်သူလူထုအတွင်း သတင်းအတုအယောင်၊ သတင်းမှား၊ ကောလာဟလများ ပျံ့နှံ့နေဆဲဖြစ်ပြီး သတင်းမှန်များဖြင့် အလျင်အမြန်တုံ့ပြန်နေရဆဲဖြစ်သည်။ လူငယ်ထုအတွင်း ရှိသင့်ရှိထိုက်သော အသိအမြင်ဗဟုသုတများ တွေးခေါ်မြော်မြင် ခွဲခြမ်း



၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပစဉ်။

**“မကြာမီတွေ့မြင်ရမည့် အခမ်းအနားကိုလည်း အမျိုးသားရေးအမွေအနှစ်ကို လက်ဆင့်ကမ်းသည့် ပွဲတော်တစ်ခုအဖြစ် မှတ်ယူထားသည်။ ယခုလိုအခြေအနေမျိုးဟု ဆိုခဲ့သည်ဖြစ်ရာ နိုင်ငံအနေဖြင့် တည်ငြိမ်မှု၊ ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ တရားမျှတမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ဟန်ချက်ညီညီ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်နေရသောအခြေအနေတစ်ရပ်ကိုညွှန်းလိုသည်။ အဖျက်နှင့်အပျက် သဘောတရားများနေရာတွင် အကောင်းမြင် အပြုသဘောများဖြင့် အစားထိုးနေရသောကာလမျိုးဖြစ်သည်။ အမုန်းတရားများကို ချစ်ခြင်းမေတ္တာဖြင့် ချေဖျက်နေရသည်။ နိုင်ငံသားတစ်ဦးချင်းတွင် ရှိအပ်သည့် နိုင်ငံသားကျင့်ဝတ်များဖြည့်ဆည်းရန် အထူးလိုအပ်နေသည်”**

စိတ်ဖြာသုံးသပ်နိုင်စွမ်းများ ဖြစ်ထွန်းရန် အလှမ်းကွာဆဲဖြစ်သည်။ မျိုးချစ်စိတ်၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဓလေ့ထုံးစံများ မပျောက်ပျက်အောင် မပြတ်ထိန်းသိမ်းစောင့်ရှောက်နေရသည့်အပြင် ဘာသာတရားအဆုံးအမများကို လိုက်နာဖြည့်ဆည်းရန် အရေးတကြီးလိုအပ်သည့်ကာလဟုလည်း ဆိုရပါမည်။

အထက်ပါ လိုအပ်ချက်များကို ခေတ်အဆက်ဆက် အနုပညာရှင်ကြီးများက တာဝန်ကျေပွန်စွာဖြင့် ကိုယ်တိုင်ကိုယ်ကျ ဖြည့်ဆည်းပေးခဲ့ကြသည်ကို တန်ဖိုးထားကျေးဇူးတင်ရသည်။ အနုပညာအရာတွင် အသိအတတ်ပညာရှင်များပီပီ ဇာတ်လမ်းဇာတ်ကွက်မျိုးစုံမှာ အချစ်အမုန်း၊ အနုအကြမ်း၊ ဟာသအစုံ၊ ရာဇဝင်ကုန်အောင် ဖန်တီးပေးခဲ့ကြသူများသည် တန်ဖိုးထိုက်သူများဖြစ်ကြသည်။ ဘာသာရေး၊ အတ္ထုပ္ပတ္တိမကျန်၊ စစ်စွန့်စားခန်းမျိုးစုံဖြင့် ဘဝအမှန်ကို ဂီတသံစုံမှာ ရသစုံအောင် သရုပ်ဖော်နိုင်ခဲ့ကြသူများ၏ ကျေးဇူးတရားကား ကြီးမားလှသည်။

### လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ

**အနုပညာဟူသည် ပါတီနိုင်ငံရေးနှင့် နိုင်ငံရေးချုပ်ကိုင်မှုအောက်တွင် ထွေးရောယှက်တင် မဖြစ်သင့်ဘဲ နိုင်ငံ၏အရေး၊ ပြည်သူ့အရေးကိုသာ ထင်ဟပ်သင့်ပါသည်။ စီးပွားရေးသွင်ပြင်လက္ခဏာ**များနှင့်အတူ အပန်းဖြေပညာရရေးအတွက်ပါ ပြည်သူအတွက်ဟူ၍ ဦးတည်သင့်သည်။ နိုင်ငံတော်က သွားနေသည့်လမ်းကြောင်းတွင် ယနေ့ခေတ် မူဝါဒများကိုထင်ဟပ်၍ အနုပညာရသပေါ်လွင်အောင် ဖော်ထုတ်သင့်ကြသည်။

မြန်မာ့ရုပ်ရှင်ဆိုသည်ကား လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို မော်ကွန်းတင်ဖော်ကျူးရာတွင် ရှေ့တန်းမှပါဝင်ခဲ့ဖူးသည်။ အာဇာနည်ခေါင်းဆောင်များ၏ ဈာပနအခမ်းအနားကိုလည်း မှတ်တမ်းတင်ခဲ့ဖူးသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပါဝင်ခဲ့ဖူးသည့် သရုပ်ဆောင်ဒါရိုက်တာနှင့် ဟာသသရုပ်ဆောင်များရှိခဲ့ဖူးသည်ဟုလည်း လေ့လာမိသည်။ ကျောင်းသားသပိတ်၊ ဖက်ဆစ်တော်လှန်ရေးနှင့် ရေနံမြေသပိတ်များကို သွားရောက်မှတ်တမ်းတင်ခဲ့ဖူးသည်အထိ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူလေးစားဖွယ် သမိုင်းဝင်မော်ကွန်းထိုးခဲ့ကြသည်ကို စံနမူနာအဖြစ် အမှတ်ရစေလိုပါသည်။

ရုပ်ရှင်သည် လူတိုင်းအတွက် သည်းခြေကြိုက်အာဟာရဖြစ်၍ စိတ်ဓာတ်စစ်ဆင်ရေး Soft power လက်နက်တစ်ခုအဖြစ်လည်း အသုံးပြုကြသည်။ အကျိုးရှိအောင် အသုံးချနိုင်ရန်သာလိုပါသည်။ အထက်ပါတင်ပြခဲ့သလို ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးအတွက် ခေတ်ရေစီးကြောင်းနှင့်အတူ လိုက်ပါနိုင်မည့်အနေအထားနှင့်ထပ်တူ သဟဇာတဖြစ်မည့် ခံယူချက်ကောင်းများ၊ စိတ်ဓာတ်ကောင်းများဖော်ဆောင်ရာတွင် ထိရောက်သည့်ဖန်တီးမှုများ ပြုလုပ်ရန် များစွာလိုအပ်နေပါသေးသည်။

လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့်အတူ ပေါ်ထွန်းခဲ့သော မြန်မာ့ရုပ်ရှင်ဇာတ်လမ်းများသည် ကိုလိုနီလက်အောက်ခံဘဝ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်၊ သူ့ကျွန်မခံလိုစိတ်၊ ဇာတိသွေးဇာတိမာန်နှင့် ဝံသာနုရက္ခိတတရား ပြည်ထောင်စုစိတ်ဓာတ်တို့ကို ကောင်းစွာလှုံ့ဆော်နိုင်ခဲ့သည်အထိ ထိုခေတ်ရုပ်ရှင်ပညာရှင်များဘက်က တာဝန်ကျေခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း အဖျက်သဘောများနေရာတွင်အမျိုးသားနိုင်ငံရေးအကျိုးပြုဇာတ်လမ်းကောင်းများဖြင့် မော်ကွန်းထိုးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၁၁ သို့

✻ **အနုပညာဟူသည် ပါတီနိုင်ငံရေးနှင့် နိုင်ငံရေးချုပ်ကိုင်မှုအောက်တွင် ထွေးရောယှက်တင် မဖြစ်သင့်ဘဲ နိုင်ငံ၏အရေး၊ ပြည်သူ့အရေးကိုသာ ထင်ဟပ်သင့်ပါသည်။ စီးပွားရေးသွင်ပြင်လက္ခဏာများနှင့်အတူ အပန်းဖြေပညာရရေးအတွက်ပါ ပြည်သူအတွက်ဟူ၍ ဦးတည်သင့်သည်။ နိုင်ငံတော်က သွားနေသည့်လမ်းကြောင်းတွင် ယနေ့ခေတ် မူဝါဒများကိုထင်ဟပ်၍ အနုပညာရသပေါ်လွင်အောင် ဖော်ထုတ်သင့်ကြသည်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

*စာမျက်နှာ ၁၀ မှ*

**စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်ဟူသည် မိမိတို့ကိုယ်တိုင်က အစွမ်းထက်သူများ၊ လွှမ်းမိုး ဩဇာကြီးသူများဖြစ်၍ အများသူငါကို ပညာပေးနိုင်စွမ်းရှိသူများဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုထားရှိသင့်ကြသည်။ အမှားတွေ့လျှင် အမှန်ပြင်ပေးသူ၊ အတွေးအခေါ်ကို ပြောင်းလဲနိုင်စွမ်းသူ၊ ဖန်တီးရှင်ပါဝါအပျော့စား လမ်းမှန်သို့ တည့်မတ်ပေးသူများဖြစ်ကြသည်။ လူအများ၏ စိတ်ဖိစီးမှုများကို လျှော့ချပေးပြီး သောကအပူကို လျှော့စေသည်။ ရုံဖန်ရုံခါအတွေးအခေါ်၊ အယူဝါဒထက်လူများ၏ ခံစားချက်နှင့် လူသားများ၏ ဘဝကို ပို၍နားလည်ပေးရသည်လည်းရှိသည်။ ထိုအချက်ကို အနုပညာရှင်များကသာ ပို၍သိသလို ပို၍လည်း ဖြည့်ဆည်းပေးနိုင်ကြသည်ဟု ထင်ပါသည်။ လူငယ်များကို လိမ္မာအောင်၊ ယဉ်ကျေးလာအောင်၊ ကြိုးစားလာအောင်၊ ဘဝတိုးတက်အောင် လမ်းမှန်ပြနိုင်သူများဖြစ်၍ အလွန်တန်ဖိုးကြီးသူ ဘဝဖန်တီးရှင်များဟု တင်စားထိုက်ပါသည်**

### အမွေခံကောင်းသဖွယ် မြန်မာ့အနုပညာ

ခေတ်အဆက်ဆက် မြန်မာရုပ်ရှင်ဇာတ်ကားများသည် နိုင်ငံ့အရေးအရာ၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် လေးစားဖွယ်ရာ စံပြုဂုဏ်ယူစရာများဖြစ်ခဲ့ကြသလို လောကီဇာတ်ခုံ လူ့ဘဝအစုံကို ရည်ညွှန်းသည့် လူမှုအရေးအရာများကို ပြုပြင်ရာတွင်လည်း ပညာပေးဇာတ်ကားကောင်းများစွာဖြင့် ဖော်ထုတ်ဖန်တီးနိုင်ခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံကို မြန်မာပီသစွာ ကမ္ဘာကို ချပြနိုင်ခဲ့ကြသည်။ စံနမူနာယူစရာ မိသားစုချစ်ခြင်းမေတ္တာကို နက်ရှိုင်းစွာဖော်ထုတ်နိုင်ခဲ့ကြပြီး မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်ရာ ဇာတ်ဝင်ခန်းများမဖြစ်ပေါ်စေရန် အထူးဂရုစိုက်၍ နူးညံ့သိမ်မွေ့သော မြန်မာတို့၏ ချစ်ခြင်းမေတ္တာကို ပီပြင်စွာ ရိုက်ကူးပြသနိုင်ခဲ့ကြသည်။

ဘာသာတရားကို မလေးမစားမလုပ်၊ သာသနာကို အလေးထား၍ ဘုရားသာသနာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ခေတ်အဆက်ဆက် မြန်မာ့ရုပ်ရှင်နှင့် အနုပညာရှင်များ၏ အနုပညာအမွေကို ထိန်းသိမ်းလက်ဆင့်ကမ်းခဲ့ကြပုံများကို ယခုလိုကာလမျိုးတွင် ဂုဏ်ယူဖွယ်အမွှမ်းတင်လိုခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ယနေ့မျိုးဆက်သစ် လူငယ်အနုပညာရှင်များအနေဖြင့် မြန်မာ့ရုပ်ရှင်ကို ဂုဏ်ယူစွာ တန်ဖိုးထားလက်ဆင့်ကမ်းယူနိုင်ကြစေရန် ရည်ရွယ်ပြီး တန်ဖိုးထားသင့်သည်ကို တန်ဖိုးထား၊ လေးစားသင့်သည်ကို လေးစား၊ ရိုသေသင့်သည်ကို ရိုသေ၊ စောင့်ရှောက်အပ်သည်ကို စောင့်ရှောက်နိုင်ရန် အဓိကဖြစ်ပါသည်။

ယခုတစ်ဖန် တာဝန်ရှိသူများက အနုပညာကို ခါးဆက်မပြတ်စေဘဲ မြင့်သည်ထက် မြင့်လာရန် မြှင့်နိုင်သမျှ မြှင့်ပေးနေသည်ဖြစ်ရာ ပြည်သူချစ်သော ရုပ်ရှင်လောကကြီး ပြန်လည်နိုးထ အသက်ဝင်လာပေတော့မည်။ အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှ ရသမျှရင်းမြစ်များဖြင့် ရုပ်ရှင်လောကကြီးကို ယခုလိုတတ်အားသမျှ ပံ့ပိုးပေးနေခြင်းသည် ပင် ရုပ်ရှင်လောကသား အနုသုခုမပညာရှင်များကို တန်ဖိုးထား၍ဖြစ်သည်၊ အနုပညာစင်မြင့်ပေါ် ပြန်လည်ရောက်ရှိစေလို၍ဖြစ်သည်၊ အနုပညာကို တန်ဖိုးထားသောပြည်သူအပေါင်းကို ရိုသေလေးစား၍ဖြစ်သည်။ အရေးကြီးသည်မှာ အားလုံးက ပူးပေါင်းပါဝင်ရန်ပင်ဖြစ်သည်။

အခွင့်အလမ်းကို မိမိအတတ်ပညာအားဖြင့် ဆုပ်ကိုင်အသုံးချတတ်ရန်သာလိုသည်။ အနုပညာသည် တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့အတွက် ခုတုံးလုပ်အသုံးချခံရန်မဟုတ်၊ အမျိုးသားရေး၊ ဖွံ့ဖြိုးရေး၊ အေးချမ်းရေး၊ သာယာဝပြောရေးအတွက် မိမိတို့အတတ်ပညာဖြင့် ပြည်သူကို အလင်းဆောင်ရန်ဖြစ်သည်။ တိမ်းစောင်းနေသည်များကို မိမိတို့လုပ်အားဖြင့် တည့်မတ်ပေးဆပ်ရန်သာဖြစ်သည်။ နိုင်ငံနှင့်ပြည်သူအတွက် ဦးထိပ်ပန်ဆင်ရမည့် ထိုခံယူချက်များဖြင့် အတ္တနှင့်ပရ မျှတစွာစဉ်းစားပါက ရေမြင့်၍ ကြာလည်းတင့်လာမည်သာဖြစ်သည်။

### အနုပညာရှင်ကောင်းတစ်ယောက်မှာ

စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်ဟူသည် မိမိတို့ကိုယ်တိုင်က အစွမ်းထက်သူများ၊ လွှမ်းမိုးဩဇာကြီးသူများဖြစ်၍ အများသူငါကို ပညာပေးနိုင်စွမ်းရှိသူများဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုထားရှိသင့်ကြသည်။ အမှားတွေ့လျှင် အမှန်ပြင်ပေးသူ၊ အတွေးအခေါ်ကို ပြောင်းလဲနိုင်စွမ်းသူ၊ ဖန်တီးရှင်ပါဝါအပျော့စား လမ်းမှန်သို့ တည့်မတ်ပေးသူများဖြစ်ကြသည်။ လူများ၏ စိတ်ဖိစီးမှုများကို လျှော့ချပေးပြီး သောကအပူကို လျှော့စေသည်။ ရုံဖန်ရုံခါ အတွေးအခေါ်၊ အယူဝါဒထက် လူများ၏ ခံစားချက်နှင့် လူသားများ၏ ဘဝကို ပို၍နားလည်ပေးရသည်လည်းရှိသည်။ ထိုအချက်ကို အနုပညာရှင်များကသာ ပို၍သိသလို ပို၍လည်း ဖြည့်ဆည်းပေးနိုင်ကြသည်ဟု ထင်ပါသည်။ လူငယ်များကို လိမ္မာအောင်၊ ယဉ်ကျေးလာအောင်၊ ကြိုးစားလာအောင်၊ ဘဝတိုးတက်အောင် လမ်းမှန်ပြနိုင်သူများဖြစ်၍ အလွန်တန်ဖိုးကြီးသူ ဘဝဖန်တီးရှင်များဟု တင်စားထိုက်ပါသည်။

မည်သို့ပင်ဆိုစေ မကြာမီရှုစားကြရတော့မည့် အကယ်ဒမီမြင်ကွင်းများနှင့်အတူ မြန်မာ့ရုပ်ရှင်နှင့် ရုပ်ရှင်လောကသားများအတွက် ကောင်းသော အလားအလာများကို မှန်းဆမိသည်။ ပြည်သူများဘက်ကလည်း ကိုဗစ်ကာလမှစ၍ ယခုကာလ အခြေအနေများအထိ အခက်အခဲ၊ အတက်အကျ၊ အနိမ့်အမြင့်များစွာဖြင့် ကြိုးစားရုန်းကန်ခဲ့ကြရသည့် အနုပညာရှင်များအပေါ် စာနာနားလည်မှုရှိဆဲပင်ဖြစ်သည်။ ပြီးစီးခဲ့သည့် အတာသင်္ကြန်ပွဲတွင် ဆင်နွှဲခဲ့ကြသည့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ တက်ကြွလန်းဆန်းမှုပုံရိပ်များက ယခုကျင်းပမည့် အကယ်ဒမီပေးပွဲမြင်ကွင်းကိုပါ ကြည်နူးပျော်ရွှင်မှုရသများစွာကို ထပ်မံပေးစွမ်းနိုင်မည်ဟု ယုံကြည်မိပါသည်။

ပြီးခဲ့သည့် လူထုပျော်ရွှင်ပွဲများတွင် ပြသခဲ့ကြသည့် စိတ်အားထက်သန်မှုများကို ဆက်လက်အသုံးချနိုင်ပါစေကြောင်း ပြည်သူများ၏ နှလုံးသားတွင် ကြီးစွာမျှော်လင့်နေပါသည်။ မကြာမီကျင်းပတော့မည့် အကယ်ဒမီမြင်ကွင်း၌ အနုပညာ လောကသားအားလုံးအတူရှိစေချင်သည်မှာ ပြည်သူတို့၏ဆန္ဒဖြစ်သည်။ စိတ်တူကိုယ်တူ ပေါင်းစည်းစေချင်သလို အနုပညာရှင်တို့၏ အခန်းကဏ္ဍနှင့်အတူ ရုပ်ရှင်လောက ဆန်းသစ်ဖွံ့ဖြိုးတိုးတက်လာမည်ကိုလည်း မြင်လိုကြပါသည်။ နိုင်ငံပြန်လည်တည်ဆောက်ရေးမှာပါဝင်ပြီး အစဉ်အဆက်နိုင်ငံ၏ အားတစ်ခုဖြစ်လာစေရန်သာ ဆန္ဒပြုလိုက်ရပါသည်...။ ။

## ဂွမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ကျေးရွာ ရွေးချယ်



ဂွ ဧပြီ ၂၇

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ကျေးရွာရွေးချယ်ခြင်းအခမ်းအနားကို ယနေ့နံနက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်က စီမံကိန်းကျေးရွာများ ရွေးချယ်ခြင်းနှင့် အတည်ပြုခြင်းတို့တွင် သတ်မှတ်ထားသည့် အခြေခံမူများနှင့်အညီ စိစစ်ရွေးချယ်သွားကြစေလိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းလင်းကျော်က ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းနှင့် ပတ်သက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ကျေးရွာအဖြစ် ကျေးရွာ ၂၄ ရွာအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ကျေးရွာအဖြစ် ကျေးရွာခုနစ်ရွာနှင့် အရန်ကျေးရွာ သုံးရွာကို ရွေးချယ်ဆောင်ရွက်သွားနိုင်ရေးကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကျေးရွာ ခုနစ်ရွာနှင့် အရန်သုံးရွာတို့အား စိစစ်ရွေးချယ်ကြကြောင်း သိရသည်။ **ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

**အနောက်တောင်မုတ်သုံလေဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ**

၁။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၃ ခုနှစ် ဇွန်လ (၁ - ၆) ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း ၁၄ ရက်နေ့မှ နယုန်လပြည့်ကျော် ၄ ရက်နေ့) အတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမ ရက်သတ္တပတ် (မြန်မာ သက္ကရာဇ် ၁၃၈၅ ခုနှစ် တော်သလင်းလပြည့်ကျော်ခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

**မိုးဦးကာလ ခန့်မှန်းချက်**

၂။ မိုးဦးကာလသည် ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိ ဖြစ်သည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် ဘီးလင်းမြစ်တို့ တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလ ခန့်မှန်းချက်**

၄။ မိုးလယ်ကာလသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ်လကုန်အထိ ဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၅။ မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည်တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် တစ်ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုးနှောင်းကာလ ခန့်မှန်းချက်**

၆။ မိုးနှောင်းကာလသည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်သည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၇။ မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၊ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင်တစ်ကြိမ်ခန့်စီနှင့်တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

## ၂၀၂၃ ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**၂၀၂၃ ခုနှစ် မိုးဦးကာလ သတ်မှတ်ခြင်း**

၈။ ၂၀၂၃ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၂၃ ခုနှစ် ဇွန်လကုန်အထိ ဖြစ်သည်။

**၂၀၂၃ ခုနှစ် မုတ်သုံလေ ဝင်ရောက်နိုင်မှုအခြေအနေ**

၉။ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာ ရှိပါသည်-

(က) မေလ (၁၃ - ၁၈) ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊
(ခ) မေလ (၁၉ - ၂၄) ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊
(ဂ) မေလ (၂၅ - ၃၁) ရက်နေ့အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့်
(ဃ) ဇွန်လ (၁ - ၆) ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁၀။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

၁၁။ မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၁၂။ မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

မိုး/ဇလ

# ၂၀၂၃ ခုနှစ် မေလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ အနောက်တောင်မုတ်သုံလေသည် မေလ (၁၃ - ၁၈) ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေလ (၁၉ - ၂၄) ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း၊ မေလ (၂၅ - ၃၁) ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တို့တွင် ၅ ရက်မှ ၁၀ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

၄။ နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၅။ ၂၀၂၃ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

၆။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၅ ပေမှ ၈ ပေခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

၇။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် နှစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် သုံးပေမှလေးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့် နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာနေ သီဟနိုင်(ခ)ကိုမန်းသည် ၎င်းအသုံးပြုသည့် “Thiha Naing” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနအသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်များအတွင်း တရားမဝင်ကျွန်းသစ်နှင့် အခြားသစ်မျိုးစုံ ၂၅ ဒသမ ၈၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၆၁၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ဧရာဝတီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ

ထို့အတူ ဧပြီ ၂၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးအား စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် CAMEL ဆိုင်ကယ်တာယာ အလုံး ၁၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀) နှင့် Foam Slipper Sandal ဖိနပ် ၁၆၈ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၅ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်ကုန်းမြို့နယ်သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က တပ်ကုန်းမြို့နယ်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်သစ်မျိုးစုံ ၄ ဒသမ ၃၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၇၄၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၅ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် နိုင်လွန်ဇာ ၃၈၅၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဧပြီ ၂၆ ရက်တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Milk ဘူး ၃၆၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Bluetooth Mini Speaker ၂၉၅ ခု အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၃၈၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Hino Profia မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၉၀၀၃၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနအသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင် ကျွန်းသစ် ၂ ဒသမ ၂၇၆ တန်နှင့် သစ်မာ ၀ ဒသမ ၇၂၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၇၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်လေးပင်မြို့မရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က ကင်းလှည့်စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်မြို့ မြို့မ (၄)ရပ်ကွက် မီးရထားသံလမ်းခုံးအနီးတွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Mitsubishi မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၁၅၇၈၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၂ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၀၇၀၄၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ စာမေးပွဲအောင်စာရင်းများထုတ်ပြန်

ဟိုပုံး ဧပြီ ၂၇

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပြန်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌လည်း ထုတ်ပြန်ကြေညာသည်။ **(ယာပုံ)**



ဟိုပုံးမြို့နယ်တွင် ဖြေဆို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၃၀၁ ဦး၊ အောင်မြင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၂၆၃ ဦး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၇၇ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် ဖြေဆို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၆၉၆ ဦး၊ အောင်မြင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၆၆၇ ဦး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၂ ရာခိုင်နှုန်း၊ အထက်တန်းအဆင့် ဖြေဆို ကျောင်းသား ကျောင်းသူ စုစုပေါင်း၇၁၂ ဦး၊ အောင်မြင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၁၂ ဦး ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်း ဖြေဆိုအောင်မြင်ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်၌ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများ ဖွဲ့စည်းခြင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတစ်ခုဖြစ်သည့် GIS နည်းပညာကိုအသုံးပြုပြီး သန်းခေါင်စာရင်းယူနစ်များ (Census Units) နှင့် စာရင်းကောက်ကွက်မြေပုံများ ဖွဲ့စည်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လင်းလင်းမာ၊ ခရိုင်ဦးစီးမှူး ဦးထွန်းအောင်ကျော်နှင့် ပုဗ္ဗသီရိမြို့နယ် ဦးစီးမှူး ဦးဝင်းသိန်းတို့က ပူးပေါင်း၍ GIS နည်းပညာကို အသုံးပြုပြီး သန်းခေါင်စာရင်းယူနစ်များ (Census Units) နှင့် စာရင်းကောက်ကွက်မြေပုံများ ဖွဲ့စည်းခြင်းလုပ်ငန်းကို ဆောင်ရွက်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ မြို့ပြရပ်ကွက်များတွင် Census Unit များ ရေးဆွဲခြင်းလုပ်ငန်းကို ဧပြီလ ၂၇ ရက်နေ့အပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန္တာလင်း (ပုဗ္ဗသီရိ)**

# ဆူဒန်နိုင်ငံ၌ ဆေးဘက်ဆိုင်ရာ ကူညီပေးမှုများမရရှိသည့်အတွက် သေဆုံးသူဦးရေတိုးလာနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ခန့်မှန်း

ခါတွန် မေ ၂၇

**ဆူဒန်နိုင်ငံ၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အဓိကကျသည့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်းမရှိသည့်အတွက် သေဆုံးသူဦးရေမှာ ပို၍တိုးလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ အကြီးအကဲက ပြောသည်။**



ခါတွန်မြို့၌ တိုက်ပွဲကြောင့် ထွက်ပေါ်လာသည့် မီးခိုးများကို တွေ့ရစဉ်။

တိုက်ပွဲဖြစ်ပွားရာနေရာများသို့ အစားအစာနှင့် သောက်ရေပို့ဆောင်ပေးနိုင်ခြင်းမရှိခြင်း၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ မပေးနိုင်ခြင်းတို့ကြောင့် နောက်ထပ်သေဆုံးသူ များလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့ဒ် အက်ဒ်ဟာနွမ် ဂီဘရီယက်ဆုက ပြောသည်။

ဆူဒန်နိုင်ငံမြို့တော် ခါတွန်၌ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုကို ၁၆ ရာခိုင်နှုန်းသာ ပြုလုပ်နိုင်ခဲ့သည်။ မြို့တော်မှ ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများမှာ ဒဏ်ရာရရှိသူများကို ကူညီ၍မရဖြစ်နေသည်။

သွေးထွက်သံယိုမှုများကို ဆေးကုသခွင့်ရရှိခဲ့ပါက သေဆုံးသူများထဲမှ လေးပုံတစ်ပုံကို ကယ်တင်နိုင်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။ ဆူဒန်တပ်ဖွဲ့နှင့် Rapid Support Forces အဖွဲ့တို့ကြား ၇၂ နာရီ အပစ်အခတ်ရပ်စဲရန် သဘောတူထားသော်လည်း တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဆူဒန်နိုင်ငံ၌ အမေရိကန်တစ်ဦး ထပ်မံအသတ်ခံခဲ့ရကြောင်း မေ ၂၆ ရက်တွင် အိမ်ဖြူတော်မှ ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဆိုမာလီနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း မိုးခေါင်မှုကိုဖြေရှင်းရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၁၂ သန်းသုံးစွဲ

**မိုဂါဒစ်ရှူး မေ ၂၇**

ဆိုမာလီနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ဆိုးရွားသည့် မိုးခေါင်မှုအခြေအနေကို ဖြေရှင်းရန် ဆိုမာလီ လူသားချင်းစာနာမှု ရန်ပုံငွေ (အက်စ်အိတ်ချ်အက်ဖ်)မှ စုစုပေါင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၄ သန်းကို သုံးစွဲခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အေဂျင်စီက မေ ၂၆ ရက်တွင် ပြောကြားသည်။



ဆိုမာလီနိုင်ငံ၌ ဆိုးရွားသည့် မိုးခေါင်မှုကြောင့် နေရာပြောင်းရွှေ့နေသူများကို တွေ့ရစဉ်။

ဆိုမာလီနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် အကာအကွယ်များ လိုအပ်နေသည့် လူအရေအတွက်မှာ ၂၀၂၁ ခုနှစ်က ၅ ဒသမ ၉ သန်းရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၇ ဒသမ ၈ သန်းအထိ တိုးလာခဲ့ကြောင်း ဆိုမာလီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး အက်ဒမ် အက်ဒဲမိုလာက ပြောကြားသည်။

ဆိုမာလီနိုင်ငံ၌ နှစ် ၄၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုကြောင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အရေးပေါ် လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ရန်ပုံငွေကို မဟာဗျူဟာကျကျ အသုံးပြုခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ၂၀၂၁ တွင် ဒေါ်လာ ၅၈ ဒသမ ၇ သန်းရရှိရာမှ ၂၀၂၂ခုနှစ်တွင် ဒေါ်လာ ၆၇ သန်းအထိ ပံ့ပိုးမှုများ တိုးမြင့်လာသည့်အတွက် ၎င်းက အလှူရှင်နိုင်ငံများအား ချီးကျူးထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ရထားမီးလောင်မှုကြောင့် နှစ်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံး

**အစ္စလာမ်မာဘတ် မေ ၂၇**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ မေ ၂၇ ရက်က ခရီးသည်တင်ရထား မီးလောင်မှုကြောင့် နှစ်ဦးသေဆုံးကာ လေးဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ပါကစ္စတန် မီးရထားဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ကရာချိအမြန်ရထား ရိုးရိုးတန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။



မီးလောင်မှုဖြစ်ပွားသည့် ရထားကို တွေ့ရစဉ်။

အဆိုပါရထားသည် ဆင်းဒ်ပြည်နယ် ကရာချိမြို့မှ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းသို့ ဦးတည်ခုတ်မောင်းလာပြီး နံနက် ၁၂ နာရီ မိနစ်၃၀ တွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကို ရှောင်ကွင်းရန်အတွက် အသက် ၄၀ အရွယ် အမျိုးသမီးကြီးတစ်ဦးမှာ ရထားပေါ်မှ ခုန်ချခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။ နောက်တစ်ဦးမှာ မည်သို့သေဆုံးရသည်ကို မသိရသေးပေ။

ရထားမီးလောင်မှုကို မိနစ်လေးဆယ်ကြာ ငြိမ်းသတ်ခဲ့ရပြီး နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရထားပြန်ထွက်နိုင်ခဲ့သည်။ အဆိုပါဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးမှု လုပ်ဆောင်လျက်ရှိသည်။ ပါကစ္စတန် မီးရထားအဖွဲ့ချုပ်ရုံးမှ အထူးအဖွဲ့သည် အဆိုပါ မီးလောင်မှုကို စုံစမ်းလျက်ရှိသည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

# သီရိလင်္ကာအစိုးရဆေးရုံများ၌ ဆေးဝါးအမျိုးအစား ၁၀၀ ကျော်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

**ကိုလံဘို မေ ၂၇**

အစိုးရဆေးရုံများ၌ ဆေးဝါးအမျိုးအစား ၁၀၀ ကျော် ပြတ်လပ်နေကြောင်း သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီး ကီဟီလီယာ ရမ်ဘွတ်ဝဲလ်လာက မေ ၂၇ ရက်တွင် ပါလီမန်၌ ပြောကြားသည်။

အစိုးရဆေးရုံများတွင် သုံးစွဲနေသည့် ဆေးဝါးအမျိုးအစား ၁၃၄၇ မျိုးရှိသော်လည်း ဆေးရုံများ၌ ဆေးအမျိုးအစား ၁၁၂ မျိုး ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ကျန်းမာရေးဝန်ကြီး ရမ်ဘွတ်ဝဲလ်လာက ပြောကြားသည်။ ဆေးဝါးတင်သွင်းခြင်းအပေါ် အစိုးရက တစ်နှစ်လျှင် ရူပီး ၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅၅ သန်း) သုံးစွဲခဲ့ကြောင်း ဝန်ကြီးက ပြောသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ရူပီးငွေ ဘီလီယံ ၄၀ (ဒေါ်လာ ၁၂၄ သန်း)ကို ပေးအပ်ခဲ့ပြီး ဆေးဝါးပြတ်လပ်မှုများ မကြာမီ ပြီးဆုံးတော့မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံရှိ ဆေးရုံများ၌ နိုင်ငံ၏စီးပွားရေးအကျပ်အတည်းကြောင့် ၂၀၂၂ ခုနှစ်မှစကာ ဆေးဝါးပြတ်လပ်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှု ဖြစ်ပွားသောကြောင့် လူ ၁၁ ဦးသေဆုံး

**မာဇာအိုင်ရှရစ် မေ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာကာပြည်နယ်၌ မေ ၂၆ ရက်က ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းကြောင့် ပုံမှန်ခရီးဝေး အလုပ်ဆင်းသူ ၁၁ ဦးထက်မနည်း သေဆုံးပြီး အခြား ကိုးဦးမှာ ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အာဆစ်ဝါဇီရီက မေ ၂၇ ရက်တွင် ပြောကြားသည်။

နာဟာအီရှဟီခရိုင်၌ မေ ၂၆ ရက် ညနေပိုင်းက ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရာ အခင်းဖြစ်ပွားရာနေရာတွင်ပင် ကလေးနှင့် အမျိုးသမီးအချို့ အပါအဝင် ၁၁ ဦး သေဆုံးခဲ့ပြီး အခြားကိုးဦးမှာ ဒဏ်ရာရရှိကြောင်း၊ အချို့မှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မေ ၂၃ ရက်မှစ၍ ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများအနက် အဆိုပါ ယာဉ်မတော်တဆမှုမှာ ငါးကြိမ်မြောက် ယာဉ်မတော်တဆမှုဖြစ်ပြီး ဘက်ဂျက်စ်ပြည်နယ် အနောက်ပိုင်း၌ မေ ၂၅ ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် ခရီးသည်ငါးဦး သေဆုံးခဲ့ကြောင်းနှင့် မေ ၂၄ ရက်ကလည်း ဘက်လန်ပြည်နယ် မြောက်ပိုင်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သောကြောင့် လူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ယာဉ်မဆင်မခြင် မောင်းနှင်မှုကြောင့် လူသေဆုံးသည့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၀ တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၈) ရာခိုင်နှုန်းရှိ

### (၂၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၃၁,၇၀၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၅၉၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၇၅၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၄-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဗန်းမော် | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၀ | ၂၀၆၅ | ၂၀၄၅ | ၂၁၄၀ | ၂၁၆၀ | ၂၀၅၀ | ၂၀၆၀ | ၂၀၉၅ | ၂၀၉၅ | ၂၁၀၀ | ၂၃၃၀ | ၂၈၁၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၀၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၂၀၇၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၁၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၁၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၆ | ၁၉၇၇ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၁၈၂၁ | ၁၈၈၇ |
| HSD (50 ppm) | ၁၈၉၅ | ၁၉၆၂ |
| HSD (10 ppm) | ၁၈၉၅ | ၁၉၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

✳ *ကျောဖုံးမှ*

ယခင်ထက် ပိုမိုရုန်းကန်ရတော့မည် ဖြစ်သည်။ ထို့ပြင် အာဆင်နယ်အသင်း၏ လက်ကျန်ပွဲစဉ်များတွင် ချယ်ဆီး၊ နယူးကာဆယ်၊ ဘရိုက်တန်စသော ကစားရခက်သည့် အသင်းများ ကျန်ရှိနေသေးသည့်အတွက် ဖလားဆွတ်ခူးရေး လမ်းကြောင်းတွင် အခက်တွေ့ဖွယ်ရှိသည်။

အာဆင်နယ်အသင်းသည် ရာသီအစပိုင်း ပွဲစဉ်များတွင် ပြိုင်ဘက်များကို အခက်အခဲမရှိ အသာစီးရယူကာ နိုင်ပွဲရလဒ်များ ဖော်ဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် တန်းဆင်းဇုန်မှ ဆောက်သမ်တန်၊ တန်းဆင်းဇုန်ဖိအားရှိသည့် ဝက်စ်ဟမ်းစသည့် အသင်းများကိုပင် သရေကျအောင်ပင် ရုန်းကန်ရသည့် အခြေအနေအထိ ခြေစွမ်းသိသိသာသာ ကျဆင်းလာသည်။ ယခုပွဲစဉ်တွင်လည်း မန်စီးတီးအသင်းကသာ ပွဲချိန်တစ်လျှောက် ဖိအားပေး ကစားနိုင်ခဲ့ပြီး ဂိုးရရှိနိုင်သည့် အခွင့်အရေးများ၊ ဂိုးပေါက်ကန်သွင်းမှုများ ဖန်တီးနိုင်ခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဒီဘရိုင်း၊ စတုန်းစ်နှင့် ဟာလန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဟိုးဒင်းက သွင်းယူပေးနိုင်ခဲ့သည်။

ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့အပြင် နော်တင်ဟမ်နှင့် ဘရိုက်တန်၊ ချယ်ဆီးနှင့် ဘရန့်ဖို့ဒ်၊ ဝက်စ်ဟမ်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ နော်တင်ဟမ်နှင့် ဘရိုက်တန် ပွဲစဉ်တွင် နော်တင်ဟမ်က သုံးဂိုး-တစ်ဂိုး၊ ချယ်ဆီးနှင့် ဘရန့်ဖို့ဒ်ပွဲစဉ်တွင် ဘရန့်ဖို့ဒ်က နှစ်ဂိုးပြတ်၊ ဝက်စ်ဟမ်းနှင့် လီဗာပူးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ ဘဏ္ဍာတိုက်၌ ဝင်ရောက်လေ့လာနိုင်

**ရန်ကုန် ဧပြီ ၂၇**

မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် ပြည်ပလုပ်ငန်းရှင်များနှင့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသော ပြည်တွင်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ယင်းတို့၏ ပြဋ္ဌာန်းချက်အစီအမံများ (Measures) ကို တစ်နေရာတည်းတွင် လွယ်ကူစွာ စုစည်းရှာဖွေ လေ့လာသိရှိနိုင်ရန်၊ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍများကို အထောက်အကူပြုနိုင်စေရန်နှင့် နိုင်ငံ၏ယှဉ်ပြိုင်မှုကို မြင့်မားစေရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ ဘဏ္ဍာတိုက် Services Trade and Investment Portal-STIP အမည်ရှိ Web Portal ကို တည်ထောင်ထားခဲ့သည်။

Enhanced Integrated Framework (EIF) အစီအစဉ်၏ Myanmar Services Trade Enhancement Project - (MSTEP) ပါ Sub-Component 1.3:Services Trade and Investment Portal(STIP)ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တင်ဒါအောင်မြင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည့် Information Matrix ကုမ္ပဏီလီမိတက်နှင့် ကုန်သွယ်ရေးဦးစီးဌာနတို့အကြား လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်က စတင်ချုပ်ဆိုခဲ့ပြီး ၂၀၂၂ ခုနှစ် ဇွန်လတွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးခဲ့သည်။

ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များဘဏ္ဍာတိုက် (Services Trade and Investment Portal-STIP) Web Portal




http://www.servicetrade.gov.mmကို လွှင့်တင်ထားရှိပြီး MSTIP အမည်ဖြင့် Mobile App (Android နှင့် IOS Version) ဖြင့်ပါ ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ ကြည့်ရှုအသုံးပြုနိုင်ကြောင်း သိရသည်။ **ကိုရိုး**

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဧပြီလအတွင်း ရေထွက်ကုန်နှင့် အခြားကုန်စည် တန် ၉၀၀ ကျော် ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့

**ကော့သောင်း ဧပြီ ၂၇**

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိက တင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ဖြစ်သည်။



ဧပြီ ၁ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တန်ချိန် ၉၀၄ တန်(တန်ဖိုး အမေရိကန် ဒေါ်လာ ၀ ဒသမ ၉၄၆ သန်း)၊ သွင်းကုန်တန်ချိန် ၅၃၈ တန်၊ (တန်ဖိုး အမေရိကန် ဒေါ်လာ ၀ ဒသမ ၇၀၈ သန်း)၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၅၄ သန်း ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ပင်၊ ကဏန်းချေးပုံး၊ ဆီအုန်းစေ့တို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ဆား၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆော်ဒါမှုန့်၊ ဆိုဒီယမ်ကာဗွန်နိတ်၊ ကျောက်ချဉ်၊ ထုံးမှုန့်၊ ဆိုးဆေးမှုန့်တို့ဖြစ်ကြောင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ သိရသည်။ **၀၀၈**

## ပြည်ခရိုင်မှ ထွက်သည့်နှမ်းများ ဈေးကွက်သို့ ဝင်ရောက်မှုနည်းပါးနေ

ပဲခူး ဧပြီ ၂၇

**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း နွေနှမ်းများ စိုက်ပျိုးနေပြီဖြစ်သော်လည်း စိုက်ပျိုးပမာဏ နည်းပါးလျက်ရှိကာ ဈေးကွက်အတွင်း၌လည်း နှမ်းဝင်ရောက်မှု နည်းပါးလျက်ရှိကြောင်း DOCA ပဲခူးက သတင်းထုတ်ပြန်ထားသည်။**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် နွေနှမ်းများ စိုက်ပျိုးနေပြီဖြစ်သော်လည်း အနည်းငယ်သာ စိုက်ပျိုးထားကြောင်း သိရသည်။ ရွှေတောင်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့တွင် ဧကအနည်းငယ်သာ စိုက်ပျိုးပြီး ထွက်ရှိလာသောနှမ်းများကို တောင်သူအချို့က မိုးရာသီတွင် စိုက်ပျိုးရန် မျိုးအဖြစ် ထားကြပြီး မိမိစားသုံးရန်အတွက် ဆီကြိတ်ခွဲကြောင်း သိရသည်။ ဈေးကွက်တင်၍ ရောင်းချရန် ပစ္စည်းအနည်းငယ်သာရှိ၍ ရောင်းချမှုနည်းကြောင်း သိရသည်။ ယခုဧပြီလတွင် နှမ်းဝင်ရောက်မှု နည်းပါးပြီး ပွဲရုံများတွင် အရောင်းအနည်းငယ် ပါးသွားကာ ဆီကြိတ်နှမ်းနီသာ ရံဖန်ရံခါ အရောင်းအဝယ်ဖြစ်ကြောင်း ကုန်သည်အချို့က ပြောသည်။

နှမ်းတင်ပို့သော ဝယ်လက်များက သကြ်န်ပြီး အချိန်ဖြစ်၍ အရောင်းအဝယ် ခေတ္တရပ်ထားသောကြောင့် ပြည်ဈေးကွက်တွင် နှမ်းဈေးသာဖြစ်ပြီး အရောင်းအဝယ် ပါးနေခြင်းလည်းဖြစ်သည်။

ယခုအပတ် နှမ်းဈေးနှုန်းများအနေဖြင့် နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ဖြင့် ယခင်မတ်လဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ကျပ် ၅၀၀၀၀ ခန့် ဈေးများ ကျဆင်းလာခဲ့သည်။ ထို့အတူ နှမ်းနက်မှာလည်း ဧပြီလတတိယပတ်တွင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၈၅၀၀၀၊ စမုန်နက်နှမ်းသုံးတင်းတစ်အိတ်လျှင်ကျပ် ၂၀၀၀၀၀ဖြင့် ယခင်မတ်လနှင့် နှိုင်းယှဉ်လျှင် နှမ်းနက်နှင့် စမုန်နက်နှမ်းမှာသုံးတင်းတစ်အိတ်လျှင်ကျပ် ၉၅၀၀၀ ခန့် ဈေးကျဆင်းလာကြောင်း တွေ့ရသည်။ နှမ်းဈေးများ ကျဆင်းလာသော်လည်း ဝယ်လိုအားနည်းသွားသဖြင့် ပွဲရုံများ၌ ယခုအပတ်တွင် အရောင်းအဝယ်ပါးလာကြောင်း သိရသည်။ **၀၀၈**

## မြိတ်ဒေသ ရေလုပ်ငန်းသုံး ပစ္စည်းများနှင့် စက်သုံးဆီများ ပုံမှန်တင်သွင်း

မြိတ် ဧပြီ ၂၇

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်ဒေသအတွင် သုံးစွဲလျက်ရှိသည့် စက်သုံးဆီများကို ထိုင်းနိုင်ငံမှ တင်သွင်းသုံးစွဲလျက်ရှိရာ ဧပြီ ၁၉ ရက်မှ ၂၄ ရက်အတွင်း ဒီဇယ်ဆီတန် ၁၁၀၀ နှင့် ရေလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ၁၇ ဒသမ ၁၁ တန် တင်သွင်းနိုင်ခဲ့ပြီး စုစုပေါင်းတင်သွင်းမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၇၄ သန်းဖိုးဖြစ်ကြောင်း သိရသည်။

မြိတ်ဒေသတွင်း ဓာတ်ဆီတစ်လီတာလျှင် ၂၃၁၈ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၂၄၃၁ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကျပ်/ ဘတ်ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၈၃ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

၀၀၈

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

**ယခုသီတင်းပတ်အတွင်း ရန်ကုန်ဘုရင့်နောင်ဈေးကွက်တွင် ဆန်၊ ကြက်သွန်နီ၊ ငရုတ်၊ သကြားနှင့် ကုလားပဲခြမ်း ဈေးတက်လာသည်။ သကြားလက်ကား တစ်ပိဿာကျပ် ၃၁၀၀- ၃၁၂၀ နှုန်း ရှိလာသည်။ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်လာသည်။ စားအုန်းဆီ၊ ကြူကုတ်ကြက်သွန်ဖြူ ဈေးကျလာသည်။**

**ဆန်**

ရန်ကုန်ဆန်ဈေးကွက်တွင် ဈေးနှုန်းအတက်ကြမ်းလာသည်ကို မြင်တွေ့ရသည်။ ဧပြီ ၂၄ ရက်မှစ၍ ဆန်ဈေးတက်လာသည်။ ဧပြီ ၂၆ ရက်တွင် နှံကားဆန်ကြမ်းတစ်အိတ် ကျပ် ၅၈၀၀၀၊ ရက် ၉၀ နွေဆန်ကြမ်းတစ်အိတ်ကျပ် ၆၂၀၀၀ ၊ ပေါ်ကျွဲတစ်အိတ် ကျပ် ၇၄၀၀၀ ရှိသည်။ ပေါ်ဆန်းဆန်သစ်တစ်အိတ် ဈေးနှုန်းများမှာ ဘိုကလေးနယ်ထွက်ကျပ် ၈၂၀၀၀ ၊ ဖျာပုံနယ်ထွက် ကျပ် ၈၉၀၀၀ ၊ မြောင်းမြနယ်ထွက် ကျပ် ၉၀၀၀၀၊ ရွှေဘိုနယ်ထွက် ကျပ် ၁၀၆၀၀၀ နှုန်း အသီးသီးရှိသည်။

**ဆီ**

ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးစားအုန်းဆီတစ်ပိဿာ ကျပ် ၄၆၈၀ နှုန်းရှိရာ ယခင်အပတ်ထက် ရည်ညွှန်းဈေးတစ်ပိဿာကျပ် ၁၁၀ ဈေးကျလာသည်။ ရန်ကုန်ဆီဈေးကွက်တွင် ဧပြီ ၂၂ ရက် လက်ငင်းအလှယ် လက်ကားပီပါဈေးတစ်ပိဿာကျပ် ၆၃၅၀ နှုန်းရှိခဲ့ရာမှ ဧပြီ ၂၆ ရက်တွင် ကျပ် ၆၁၀၀- ၆၁၅၀ နှုန်းသာရှိသည်။ လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးအတွင်း တစ်ပိဿာကျပ် ၆၂၀၀ ဖြင့် ရောင်းချလျက်ရှိသည်ကို မြင်တွေ့ရသည်။

**ပဲအမျိုးမျိုး**

ဧပြီ ၂၆ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ (RC) တစ်တန် ကျပ် ၂၁၁၅၀၀၀ ၊ (SQ/RC )တစ်တန် ကျပ် ၂၃၅၅၀၀၀ ၊ ပဲစင်းငုံနီ တစ်တန် ကျပ် ၂၄၃၀၀၀၀ ၊ ပဲတီစိမ်း ခရမ်းရွှေဝါ ထိပ်စတစ်ပိဿာ ကျပ် ၃၇၅၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၉၀၀-၅၀၀၀ ကနှုန်းရှိသည်။ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးနှုန်းသည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်များအတွင်း ယခုရက်အထိအမြင့်ဆုံးဈေးနှုန်း ဖြစ်လာသည်။

**ကြက်သွန်နီ**

ဧပြီ ၂၆ ရက် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီ ပိဿာချိန် ၁၂၀၀၀၀ ဝင်ရောက်ပြီး လက်ကား ကြက်သွန်နီတစ်ပိဿာဈေးနှုန်းမှာ ဆိပ်ဖြူနယ်စလတ်ချော ကျပ် ၁၃၅၀၊ လတ်သန့်ကျပ် ၁၅၅၀ ၊ လတ်ကြီး ကျပ် ၁၆၀၀ ၊ ရှယ်ကျပ် ၁၃၅၀ နှုန်းရှိသည်။

**ကြက်သွန်ဖြူ/ အာလူး/ ငရုတ်**

ဧပြီ ၂၆ ရက် ရန်ကုန်ဈေးကွက်တွင် ရှမ်းအောင်ပန်း ကြက်သွန်ဖြူတစ်ပိဿာဈေးနှုန်းမှာ ထူး၂ - ကျပ် ၃၆၀၀ ၊ ထူး ၃ - ကျပ် ၄၃၀၀၊ ထူး ၄- ကျပ် ၄၆၀၀ ၊ ထူး ၅-ကျပ် ၄၉၀၀ နှုန်းရှိပြီး ကြူကုတ်ကြက်သွန်ဖြူမှာ ကျပ် ၅၀၅၀-၅၁၀၀ နှုန်းရှိသည်။ ဧပြီ ၂၆ ရက် ရန်ကုန်အာလူး ဈေးကွက်တွင် အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ A1 ကျပ် ၁၃၀၀ ၊ OK ကျပ် ၁၅၀၀ ၊ S1 ကျပ် ၁၆၅၀ ၊ S2 ကျပ် ၁၆၀၀ နှုန်းရှိသည်။

ဧပြီ ၂၆ ရက် ရန်ကုန်ငရုတ်ဈေးကွက်တွင် မြစ်ဝကျွန်းပေါ်အိမ်မဲ ငရုတ်ရှည် တစ်ပိဿာ လက်ကားဈေးကျပ် ၁၀၅၀၀-၁၁၀၀၀ ၊ ပန်းရဲ ငရုတ်ရှည်ကျပ် ၁၂၀၀၀-၁၂၃၀၀ ၊ မြားနီငရုတ်ရှည်ကျပ် ၁၁၀၀၀ နှုန်းရှိသည်။ မိုးထောင်ဒီမို လက်ကားတစ်ပိဿာကျပ် ၁၁၅၀၀-၁၂၅၀၀၊ မြစ်ဝငရုတ်ပွကျပ် ၁၃၅၀၀-၁၅၀၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွ ကျပ် ၁၄၀၀၀-၁၇၀၀၀ နှုန်းရှိသည်။

**အောင်ခင်နိုင်**

# လယ်ဝေးမြို့နယ် လေဘေးသင့်ပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့

**နေပြည်တော် ဧပြီ ၂၇**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သော တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ ဒေသခံ ရွာသူရွာသားများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၂၆ ရက်က အဆိုပါကျေးရွာများတွင် ပြုလုပ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့် တက်ရောက်ပြီး လေဘေးသင့်ပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် တံတားဦးကျေးရွာမှ အိမ်ထောင်စု ၉၆ စု နှင့် အောင်မြင်ကုန်းကျေးရွာမှ အိမ်ထောင်စု ၁၆၉ စု စုစုပေါင်းအိမ်ထောင်စု ၂၆၅ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ခြောက်ပြည်အိတ်တစ်အိတ်၊ ဆီ ၅၀ ကျပ်သားတစ်ဘူး၊ ခေါက်ဆွဲခြောက် ၁၂ ထုပ်၊ ငါးသေတ္တာသုံးဘူးတို့ကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**



အဆိုပါပေးအပ်ပွဲသို့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်တင်လေး၊ အချိန်ပြည့် အလုပ်အမှုဆောင် ဒေါက်တာ ဒေါ်ရီရီတင်၊ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချို၊ အသင်းဌာနချုပ် ဒုတိယအထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သော ဧပြီ ၂၁ ရက် ညနေပိုင်းကလည်း နေပြည်တော်မှ ကြက်ခြေနီစေတနာလုပ်အားရှင် များသည် အဆိုပါ ကျေးရွာများသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်ခဲ့ပြီး အပျက်အစီးများကို ကူညီရှင်းလင်းပေးခြင်း၊ ရွာသူရွာသားများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် ကူညီခြင်း၊ မိသားစုချင်း အဆက်အသွယ် ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုစောင့်ရှောက်ပေးခြင်း၊ ဆေးရုံများသို့ ဆက်လက်ပို့ဆောင်ရန် လိုအပ်သည့် လူနာများကို ကြက်ခြေနီ လူနာတင်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်း စသည့် လူမှုကရုဏာအကူအညီပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့သစ်မြို့နယ်ရှိ ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်

**မြို့သစ် ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု(ပြင်/ထိန်း) ရန်ပုံငွေကျပ်သန်း ၁၉ ဒသမ ၅၀၀ နှင့် ငွေကျပ်သန်း ၁၉ ဒသမ ၂၅၀ တို့ဖြင့် ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေကြည်ပင်-တောင်တွင်းကြီး- မြို့သစ်-နတ်မောက်လမ်း(၀.km.1km) အကြားနှင့် (1km.2km)ကြား စုစုပေါင်း နှစ်ကီလိုမီတာအား မြေသားတာပေါင်တင်ခြင်းနှင့် ကျောက်ရောမြေခင်း ပြုပြင်ခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ နေပြည်တော် (ရုံးချုပ်)မှ အင်ဂျင်နီယာ ဦးထွန်းဝေ၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါလမ်းသည် ရေကြည်ပင်ကျေးရွာ၊ သီးကုန်းကျေးရွာနှင့် ဝန်ချီကျေးရွာများရှိ အိမ်ခြေ ၇၂၈ အိမ်၊ လူဦးရေ ၃၅၉၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အကျိုးပြုလျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးကျော်နိုင်ဦးထံမှ သိရသည်။

**ကိုဇော် (ပြန်/ဆက်)**



# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်း ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းသည် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဧပြီ ၂၇ ရက် ညပိုင်းက ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းတွင် **အုပ်ချုပ်သူ**-ဦးစည်သူဝင်း၊ **နည်းပြချုပ်**-ဖိုက်အွန်ဘိုင်နာ (ဂျာမနီ)၊ လက်**ထောက်နည်းပြများ** အဖြစ် လောရင့်ဇ်၊ ဦးဇော်ဝင်းထွန်း၊ **ဂိုးနည်းပြ**-အန်ဒရီ၊ ဦးဇော်လင်းအောင်၊ **ကြံ့ခိုင်ရေးနည်းပြ**-ရစ်ချက်၊ **ဆရာဝန်**-ဒေါက်တာကျော်သန့်ဇင်၊ **မီဒီယာတာဝန်ခံ**-ဦးဇော်မင်းထိုက်၊ အားကစားသမားများအဖြစ် **ဂိုးသမား**-ပြည့်ဖြိုးသူ (ရတနာပုံ)၊ ဟိန်းထက်စိုး (ရှောဝတီ)၊ **နောက်တန်း**- ရှင်းသန့်အောင် (ဟံသာဝတီ)၊ ကောင်းထက်ပိုင် (ရတနာပုံ)၊ ထူးမြတ်ခန့် (ကချင်ယူနိုက်တက်)၊ လတ်ဝေဘုန်း (ရှမ်းယူနိုက်တက်)၊ သက်ဟိန်းစိုး (ရတနာပုံ)၊ ညဏ်လင်းထက် (ရန်ကုန်)၊ နောင်နောင်စိုး (ရတနာပုံ)၊ **အလယ်တန်း**-အောင်မျိုးခန့် (ရတနာပုံ)၊ အာကာကျော် (မဟာယူနိုက်တက်)၊ ရန်ကျော်စိုး (ရန်ကုန်)၊ ဇော်ဝင်းသိန်း (ရန်ကုန်)၊ ရဲရင့်ဖြိုး (ရှောဝတီ)၊ ခွန်ကျော်ဇင်ဟိန်း (ဟံသာဝတီ)၊ **ရှေ့တန်း**-ချစ်အေး (ရတနာပုံ)၊ ဥက္ကာနိုင် (ရန်ကုန်)၊ စွမ်းထက် (ရတနာပုံ)၊ အောင်သီဟ (ရှောဝတီ) နှင့် ဟိန်းထက်အောင် (ဆီလန်ဂေါ၊ မလေးရှား) တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် မတ်လနောက်ဆုံးပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်ကာ ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ဧပြီ ၂၉ ရက်မှ မေ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အိမ်ရှင်ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တီမောတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၂ ရက်တွင် တီမောအသင်း၊ မေ ၄ ရက်တွင်အင်ဒိုနီးရှားအသင်း၊ မေ ၇ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ မေ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**




**ဓာတ်ပုံ-MFF**

# ရသေ့တောင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ ဆွေးနွေးသုံးသပ်

**ရသေ့တောင် ဧပြီ ၂၇**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၂၅ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲသို့ မြို့နယ်မြစိမ်းရောင်ကြီးကြပ်ရေးကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး - နည်းပညာ) က ရှင်းလင်းဆွေးနွေးရာတွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ၌ အားသာချက်၊ အားနည်းချက်များနှင့်အခက်အခဲများ ကြုံတွေ့ကြရမည်ဖြစ်ကြောင်းနှင့် ယင်းအခက်အခဲများ ကျော်လွှားအောင်မြင်ပြီးမြောက်သောစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုအပေါ် တက်ရောက်လာကြသည့် ကျေးရွာကော်မတီဝင်များက ဆွေးနွေးတင်ပြကြရန် ရှင်းလင်းပြောကြားသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**



# ပူတာအိုခရိုင်၌ အထွက်တိုးစပါး ဆင်းကေရီ-၃ စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်

**ပူတာအို ဧပြီ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပူတာအိုခရိုင် ဒေသဝမ်းစာဖူလုံရေးအတွက် မျိုးပြောင်းလဲခြင်း၊ စိုက်နည်းစနစ်ပြောင်းလဲခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ ရောစပ်သုံးစွဲခြင်းတို့ကို တောင်သူအချင်းချင်း လက်ဆင့်ကမ်းမျှဝေနိုင်ရေး အကျိုးဆောင် တောင်သူစိုက်ပျိုးရေး စေတနာ့ဝန်ထမ်းများအား အထွက်တိုးစပါး ဆင်းကေရီ-၃ စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေးက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးက ဒေသဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းပြောကြားကာ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးရှိန်က ဒေသဝမ်းစာဖူလုံရေးအတွက် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်စီမံကိန်းဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ခိုင်တို့က ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ပျိုးသွားမည့် ဆင်းကေရီ-၃ (CS)မျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးအရာရှိ ဦးမျိုးနိုင်သောင်းတို့က မျိုးပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ် ပြောင်းလဲခြင်းနှင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ် သုံးစွဲခြင်းတို့ကို တောင်သူများအား အသိပညာပေးဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ ပူတာအို၊ မချမ်းဘော့မြို့နယ်များမှ အကျိုးဆောင်တောင်သူ စိုက်ပျိုးရေးစေတနာ့ဝန်ထမ်း စုစုပေါင်း ၃၀ နှင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်း ၂၀ စုစုပေါင်း ၅၀ တို့အား သင်တန်းကာလနှစ်ရက်ကြာ ဆွေးနွေးပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**မေ ၂၉ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ် (၁၇) တွင် ဖွေးဥသည် သူ့အဖေဇာတိရွာသို့ အလည်လိုက်သွားစဉ် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲနှင့် တိုက်ဆိုင်၍ ဘုရားဝင်းအတွင်း ဗောဓိညောင်ပင်ကို သန့်ရှင်းရေးဝိုင်းကူပေးခြင်းဖြင့် ကုသိုလ်ယူထားသည့်အကြောင်း တင်ဆက်ထားသော "ကဆုန်ညောင်ရေသွန်းပွဲ" မျက်နှာဖုံး လေးမျက်နှာကာတွန်း၊** ကြောက်စရာအကောင်းဆုံး ရန်သူသည် တိရစ္ဆာန်မဟုတ်ဘဲ ဒေါသစိတ်သာဖြစ်သည်ဆိုသည့် အကြောင်း တင်ဆက်ထားသည့် "ကြောက်စရာအကောင်းဆုံးရန်သူ" နှစ်မျက်နှာကာတွန်း၊ သူစားသည့် ကြက်ဆီထမင်းဆိုသည်မှာ ထမင်းကို ဆီဆမ်းပြီး ကြက်သွန်ဖြူနှင့် စားခဲ့သည်ဟု ဟာသဖြစ်ဖွယ် ပြောထားသည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ ငှက်အုပ်စုရန်မှ ကာကွယ်ပေးလိုက်သည့် ဝတ်ရည်စုပ်ငှက်လေး၏ ကျေးဇူးကို ပြန်ဆပ်သည့် ပေါက်ဖတ်လေးအကြောင်း တင်ဆက်ထားသော "သူငယ်ချင်းကောင်း" နှစ်မျက်နှာကာတွန်း၊ စက္ကူလှေလေးသည် သူ၏အလှအပေါ် မာန်တက်ခဲ့သော်လည်း မိုးရေကြောင့် သူ့ဘဝပျက်စီးသွားရသည့် အကြောင်း တင်ဆက်ထားသည့် "မမြဲသောအလှ" နှစ်မျက်နှာကာတွန်း၊ ကဆုန်လတွင် လေညင်းများတိုက်ကာ စကားပန်းများပွင့်ပုံ၊ ရေအိုးကိုယ်စီ ခေါင်းမှာရွက်ပြီး ညောင်ရေသွန်းလောင်းပုံနှင့် ငါးများလွှတ်ပုံအကြောင်း ရေးဖွဲ့ထားသည့် "ညောင်ရေသွန်းပွဲတော်" ကဗျာကဏ္ဍ၊ ဘုန်းဆင့်သူ ဂစ်တာတီးပြီး သီချင်းဆိုသည်ကို နားထောင်မည်ဆိုလျှင် ဝွမ်းပါဆောင်သွားသင့်ကြောင်း တင်ဆက်ထားသည့် "ဘုန်းဆင့်သူ-အဆိုကျော်" မျက်နှာဝက်ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကြကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

## ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ချောက် မေ ၂၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲနိုင်မှု ရှိ မရှိ အခြေအနေများကို တာဝန်ရှိသူများက မေ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများသည် သစ်တိုကန်ကျေးရွာအုပ်စု စမ်းနီကျေးရွာနှင့် ကျောက်ရဲကျေးရွာအုပ်စု အေးကျေးရွာတို့၌ ဌာနမှ ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲမှု ရှိ မရှိ အခြေအနေနှင့် လက်ရှိသောက်သုံးရေသုံးစွဲနေမှု အခြေအနေများကို သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများအား သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ရုံးသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အထွေး**

## ဖျာပုံမြို့၌ ကမ်းနီးကမ်းဝေးရေလုပ်ငန်းရှင်များအား ငါးသားပေါက်ရာသီ၊ ငါးများဥချချိန်ရာသီဖြစ်သည့် ဧပြီ၊ မေ၊ ဇွန်လများတွင် ငါးဖမ်းဆီးမှုမရှိစေရေး အသိပညာပေး

**ဖျာပုံ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ကမ်းနီးကမ်းဝေး ရေလုပ်ငန်းရှင်များအား ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တွေ့ဆုံ၍ ငါးသားပေါက်ရာသီကာလဖြစ်သော ၂၀၂၃ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လ သုံးလအား ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ထားရှိမှုနှင့် ပတ်သက်၍ ငါးဖမ်းရေယာဉ်များအား မတ် ၃၁ ရက်တွင် သက်ဆိုင်ရာ စစ်ဆေးရေးစခန်းများသို့ ဝင်ရောက်ရမည်ဖြစ်ပြီး ငါးမဖမ်းရ ရာသီကာလအတွင်း ပင်လယ်



ပြင်တွင် ကျားဖောင်များ လုပ်ငန်းလုပ်ကိုင်မှုမရှိစေရေး၊ ကမ်းနီးကမ်းဝေး လုပ်ငန်းရှင်များအား တွေ့ဆုံပွဲကို မေ ၂၆ ရက် နံနက်ပိုင်းက ဘုန်းကြီးသောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဘုန်းကြီးသောင်ရွာနှင့် ချောင်းဝရွာရှိ ကျားဖောင်ရေလုပ်ငန်းရှင် ၅၃ ဦးနှင့် တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် ခါးပြတ်ရေ လုပ်ငန်းရှင်များ အသင်းရုံး၌ ကျားဖောင်လုပ်ငန်းရှင် ၅၅ ဦးတို့အား တွေ့ဆုံပြီး အသိပညာပေး ဆောင်ရွက်သည်။

ထိုသို့ ကမ်းနီးကမ်းဝေး ရေလုပ်ငန်းရှင်များအား ငါးသားပေါက်ရာသီကာလ ဧပြီ၊ မေ၊ ဇွန်လများ၌ ငါးမဖမ်းရေး အသိပညာပေး ဆောင်ရွက်ရာတွင် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုလွင်က ငါးမဖမ်းရရာသီအဖြစ် ၂၀၂၃ ခုနှစ် (ဧပြီ၊ မေ ၊ဇွန်) လတို့တွင် ငါးသားပေါက်ရာသီ၊ ငါးများ ဥကပ်သည့်ရာသီဖြစ်သည့်အတွက် ငါးများ ဖမ်းဆီးခြင်း မပြုလုပ်ရန်နှင့် Close Season ကာလအတွင်း တရားမဝင် ကျားဖောင်လုပ်ကိုင်ခြင်း မရှိစေရေး၊ သတ်မှတ်ထားသော ခွင့်ပြုကိရိယာအရေအတွက် ရှစ်ဖောင်ထက် ပိုမိုလုပ်ကိုင်မှုမရှိစေရေး၊ ငါးဖမ်းကိရိယာမှန်ကန်စွာ လုပ်ကိုင်စေရေး၊ ကမ်းဝေးငါးဖမ်းလိုင်စင်မရှိဘဲ အင်္ဂလန်ကျားဖောင် လုပ်ကိုင်မှုမရှိစေရေးနှင့် လာမည့်လုပ်ငန်းရာသီအတွက် လုပ်ငန်းရာသီမစမီ ကျားဖောင်လုပ်ကိုင်သော ကျေးရွာများသို့ ကွင်းဆင်းပြီး ကြိုတင်စစ်ဆေး ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကမ်းနီးကမ်းဝေး လုပ်ငန်းရှင်များက သိရှိလိုသည်များကို အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၄ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၈၀ ကျပ် | ၂၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၄၅ ကျပ် | ၂၀၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၀ ကျပ် | ၂၁၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၁ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၀ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၀ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၇၉၀၀ | ၉၉ | ၇၉၀၃၀၀ |
| MTSH | ၃၀၀၀ | ၃၁၀၀ | ၅၁၅၅ | ၁၅၇၀၄၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၃၈၅ | ၅၅၈၂၅၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၃၀ | ၇၅၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၄၆ | ၁၁၉၆၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၁ | ၅၃၉၀၀ |

ညီညီ - စုစည်းသည်

# “ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ”

ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)၏ ဩဝါဒခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ခုနှစ်၊ မေလ(၂)ရက်၊ ကောဇာသက္ကရာဇ် ၁၃၈၅ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ အရုဏ်တက်ချိန်၌ ရွှေတိဂုံစေတီတော် အထက်ပစ္စယံနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ဩဝါဒစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံး၏ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ဆရာတော်များအား ပင့်ဆောင်ကာ စုပေါင်းလှူဒါန်း ပူဇော်သွားမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များ အနေဖြင့် မိမိတို့တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုငွေ/ လှူဖွယ်ပစ္စည်းများကို ပြည်သူ့ရင်ပြင်၌ ကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်၍လည်း ကြိုတင်စာရင်းပေးပို့ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်–

| | | | | |
|---|---|---|---|---|
| (၁) | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၅၃၂၁၉၂၁ |
| (၂) | ဦးညီညီမင်း | အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၄၂၈၄၆၀၀၈၂ |
| (၃) | ဦးရဲထူး | ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၆၆၂၁၈၅၃၉၉ |

**အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

## မန္တလေးတက္ကသိုလ်
## အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ (Dip. E.LT) သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ဘွဲ့လွန်အင်္ဂလိပ်စာ သင်ကြားရေးဒီပလိုမာ (၁)နှစ် သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။

(ဂ) အစိုးရလုပ်ငန်းနှင့် အခြားလုပ်ငန်းများတွင် လုပ်ကိုင်နေသူများဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲ၏ ခွင့်ပြုထောက်ခံချက် လက်မှတ်ပါရှိရပါမည်။

(ဃ) လျှောက်ထားသူများသည် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်း ထောက်ခံချက် (မူရင်း)တင်ပြရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် မန္တလေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ၂-၅-၂၀၂၃ ရက်မှ ၁၈-၅-၂၀၂၃ ရက်အထိ လျှောက်ထားရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ၂၅-၅-၂၀၂၃ ရက်တွင် မန္တလေးတက္ကသိုလ်၌ ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။ (အောင်မြင်သူများကို လူတွေ့စစ်ဆေးမည်။)

၄။ သင်တန်းစတင်မည့်ကာလမှာ ၂၀၂၃ ခုနှစ် ဇွန် ၁ ရက် ဖြစ်ပါသည်။

၅။ ဘွဲ့လွန်အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ (Dip.E.L.T) သင်တန်း တက်ရောက်လိုသူများသည် အစိုးရ လုပ်ငန်းနှင့်အခြားလုပ်ငန်းများတွင် လုပ်ကိုင်နေသူဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲ၏ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်ပါရှိရမည်။

၆။ အသေးစိတ် အချက်အလက်များကို ဤတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၂-၄၀၆၈၄၉၅ တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာ၊ မန္တလေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တောင်ငူမြို့၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည်- အုတ်ကျွန်းတန်းတောင်၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ (၀.၀၆၂)ဧက မြေ ကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးရန်အောင်ဆေးအမည်ဖြင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက ၂၀၂၃ ခုနှစ်၊ ဧပြီလ(၂၇)ရက် နေ့မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက် ကန့်ကွက်တင်ပြမှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၈၀)၊ ဦးပိုင်အမှတ်(၅၂)၊ (၅၀x၅၁)ကြား မဏ္ဍရာလမ်းနှင့်တပင်ရွှေထီး လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးကျော်ကျော် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၉၂၄/၂၀၂၂)ဖြင့် အမွေ ဆက်ခံ ခဲ့သော ဇနီးဖြစ်သူ ဒေါ်သီသီမြင့်၊ ၉/မနတ(နိုင်)၀၅၈၁၃၆ ၏ (GP ရသူ ဒေါ်မြင့်မြတ်သူ) က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲ အမှတ်(၀၂၆၂/၂၀၂၃-၂၀၂၄)ဖြင့် အမည်ပြောင်း၊ ဂရန်မိတ္တူ လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃၄နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် -၂၅၃

ဦးဇော်ခိုင်မြင့်(ခ)ပေါလ်(၎င်း၏အခွင့်ရ နှင့် မမေအိမ့်ဒါလီမွန် ကိုယ်စားလှယ်-ဦးဂျိုးဇက်)

ဒီကရီအနိုင်ရသူ တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်-၂၆၅/ခ(မြေညီထပ်)နေ ဒေါ်မေအိမ့်ဒါလီမွန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၂၃၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မေ ၂၆ရက် (၁၃၈၅ခုနှစ်၊ နယုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝါဝါလွင်)
ဒုတိယခရိုင်တရားသူကြီး (၁)
ဗိုလ်တထောင်ခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/73329, Jian she 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်နိုင် ၁၄/လပတ(နိုင်) ၁၁၆၀၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/80627 ယာဉ်လက်ဝယ်ရှိသူ IMMORTAL MOE CO.,LTD က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/33084, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းအောင် ၁၄/ပသန(နိုင်) ၂၁၄၇၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/5733, Toyota Probox NCP51, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုး ၁၂/သဃက(နိုင်)၀၈၀၉၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၃၁)ရပ်ကွက်၊ တောင်ဝင်နှင်းဆီလမ်း၊ မြေကွက်အမှတ်(၂၃၀) အား ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်အေး (၁၂/ရကန(နိုင်) ၀၃၃၇၂၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လို ပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် ယနေ့မှ စ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် မည့်သူ မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးကျော်ဌေးလွင်၊ တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၃၇၇၅)
အမှတ် (၉၉)၊ ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် (၃)လမ်း၊ ကျောင်းကြီးရပ်(၄)အကွက်အမှတ် (Lot No-22) မြေကွက်အမှတ် 13/A6 ဧရိယာ ၀.၉၃ ဧကအား ဦးမြင့်ရွှေ(ခ)ဦးမောင်မောင်၇/နတလ(နိုင်)၀၁၁၅၈၆ မှ မြေငှားဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဂရန်ပြန်လည်လျှောက်ထား မည်ဖြစ်ပါကြောင်း၊ အဆိုပါလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်အေးအေးစန်း ဖုန်း-၀၉-၄၃၁၈၀၂၀၂ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးမြင့်ရွှေ(ခ)ဦးမောင်မောင်** | **ဒေါ်အေးအေးစန်း** |
| **၇/နတလ(နိုင်)၀၁၁၅၈၆** | **တရားလွှတ်တော်ရှေ့နေ** |
| **၁၇ x ၁၈ကြား၊** | **စဥ်–၇၈၇၂–၂၀၁၀** |
| **အောင်မြေသာစံမြို့နယ်၊** | **အမှတ် ၅၁၄–၅၁၆ –၂(အေ)၊** |
| **မန္တလေးမြို့။** | **ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း–၀၉–၄၃၁၈၀၂၀၂** |

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၂၃** ရက်နေ့မှ စတင်၍ **၂၄-၆-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ မှ ၂၄ ရက် နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 10(T)/DPTSC(PSD)/23-24 | 230/132/11kV, 150MVA Three Phase Booster Transformer နှင့် 132/66/11kV,100MVA Three Phase transformer များဝယ်ယူခြင်း |
| ခ | 11(T)/DPTSC(PSD)/23-24 | 245kV, 145kV Switchgear & Accessories များဝယ်ယူခြင်း |
| ဂ | 12(T)/DPTSC(PSD)/23-24 | ပင်မဓာတ်အားခွဲရုံးများတွင် အစားထိုးလဲလှယ်တပ်ဆင်အသုံးပြုရန်အတွက် Conductor, Cable and Earthing Materials, Marshalling Kiosk များ၊ Plugin Type Termination Kit များနှင့် Bus Gantry & Accessories များ ဝယ်ယူခြင်း |
| ဃ | 13(T)/DPTSC(PSD)/23-24 | Protection Relay, Testing Instrument များနှင့် Time Synchronization and Switching များ ဝယ်ယူခြင်း |
| င | 14(T)/DPTSC(PSD)/23-24 | ဓာတ်အားလိုင်းများ အရေးပေါ်ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေးအရန်ပစ္စည်းနှင့်လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း |
| စ | 15(T)/DPTSC(PSD)/23-24 | ၁၃၂ ကေဗွီ အင်းကုန်း-ဘဲလင်း (၁၂. ၆၈)မိုင် ဓာတ်အားလိုင်းရှိ ACSR 336.4 MCM Conductor ကြိုးအား ACCC ကြိုးဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၁-၅-၂၀၂၃)ရက် မွန်းလွဲ ၂နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 018/DHPI/Geology Spare/2023-2024 | Paung Laung |
| (ခ) | 019/DHPI/Tyre/2023-2024 | Paung Laung |
| (ဂ) | 020/DHPI/Lubricant/2023-2024 | Paung Laung |

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၈-၄-၂၀၂၃ရက်မှ ၁၉-၅-၂၀၂၃ရက်အထိ

၃။ **တင်ဒါရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း

၄။ **တင်ဒါတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** - ၂၂-၅-၂၀၂၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂:၀၀နာရီ မတိုင်မီ တင်သွင်းရမည်။

၅။ **တင်ဒါရောင်းချ/တင်သွင်းရမည့် နေရာ** - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့
## လောက်ကိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်လမ်းခင်းခြင်း၊ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၂၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၅-၂၀၂၃ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ ရောင်းချ/တင်သွင်းရမည့်လိပ်စာမှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၊ လောက်ကိုင်မြို့ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၂၅၁၁၇၈၂၄၈၊ ၀၉-၂၅၇၉၇၄၈၇၅၊ ၀၉-၇၇၆၄၈၃၅၂၂ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)
## စမိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့(အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ်(၃)

